၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.841, November 20, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@gmail.com , koko@gol.com

## ဖွဲ့စည်းပုံဥပဒေ ပြင်ဆင်ရေးသည် အဖွဲ့ချုပ်၏ အဓိကလုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်

**VOA ၊ နိုဝင်ဘာ ၁၈ ။** ။ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲက မြန်မာနိုင်ငံအတွက် အကျိုးမရှိစေတဲ့အချက်တွေကို ပြင်ဆင်သွားနိုင်ရေးဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တရားဝင် ပြန်မှတ်ပုံတင်ပြီးတဲ့ နောက်မှာ အဓိကထားပြီး လုပ်ဆောင်ရမယ့် လုပ်ငန်းတစ်ခုဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပြောသွားပါတယ်။ ဒ့ါအပြင် နိုင်ငံမှာတရား ဥပဒေစိုးမိုးရေးနဲ့ ပြည်တွင်းစစ် ရပ်စဲရေးကိစ္စတွေကိုလည်း ကြိုးပမ်းသွားမယ်လို့ ပြောပါတယ်။ ကိုသားညွန့်ဦးက အကြောင်းစုံ တင်ပြထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မြန်မာနိုင်ငံမှာတရားဝင်ပါတီတစ်ခုအနေနဲ့ ပြန်လည်မှတ်ပုံတင်ပြီး နောင်လာမယ့် ရွေးကောက်ပွဲတွေမှာ ဝင်သွားဖို့ဆုံးဖြတ်လိုက်ပါပြီ။ ပြည်နယ်နဲ့တိုင်းအသီးသီးက ဗဟိုဦးစီးအဖွဲ့ဝင်တွေ မနေ့က NLD ရုံးချုပ်မှာ စည်းဝေးပြီး အားလုံးသဘောတူဆုံးဖြတ်လိုက်ကြတာဖြစ်ပါတယ်။

အခုလို NLD ပြန်မှတ်ပုံတင်ဖို့ ဆုံးဖြတ်လိုက်တဲ့နောက် ၂၀၀၈ ဖွဲ့စည်းပုံပါ နိုင်ငံအတွက်အကျိုးမရှိစေတဲ့ အချက်တွေကို ပြန်လည် ပြင်ဆင်သွားနိုင်ဖို့ကိစ္စဟာ NLD ရဲ့ အဓိကလုပ်ငန်းကြီး ဖြစ်လာမယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မနေ့ကအဲဒီ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးအပြီးသတင်းမိန့်ခွန်းမှာ ပြောဆိုသွားပါတယ်။

"ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ နိုင်ငံကိုအကျိုးပေးတယ်လို့ ကျမတို့မမြင်တဲ့အချက်တွေကို ပြုပြင်ပြောင်းလဲဖို့ ကျမတို့ ကြိုးစားသွားရမှာပဲ။ ဒါ နိုင်ငံသူနိုင်ငံသားများရဲ့တာဝန်တစ်ခုအနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆောင်ရွက်သွားရမယ်လို့ ကျမ ဒီအတိုင်းပဲ ယုံကြည်ပါတယ်။ ဒီဟာက ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်ပြီးတော့ မှတ်ပုံတင်တဲ့အခါမှာ လုပ်ဆောင်ရမယ့် အဓိကလုပ်ငန်းကြီးတစ်ခုဖြစ်တယ်လို့ မြင်ပါတယ်။"

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေမှာတော့ ဖွဲ့စည်းပုံကို ထိန်းသိမ်းကာကွယ်ရမည် ဆိုတဲ့နေရာမှာ လေးစားလိုက်နာပါမည်ဆိုတာကို ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်။ ဒါဟာ ဖွဲ့စည်းပုံပါအရ လက်ခံရမှာဖြစ်သလို ပြုပြင်ပြောင်းလဲသင့်တာတွေကိုလည်း ပြောင်းလဲရမှာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ ဒီလိုပြင် ဆင်တဲ့အခါ တတိုင်းတပြည်လုံးအခြေအနေ တိုင်းရင်းသားတွေရဲ့ အခြေအနေစသဖြင့် လိုအပ်ချက်တွေအတိုင်း ဖွဲ့စည်းပုံပြင်ဆင်ပြောင်းလဲရေးကို ဆောင်ရွက်သွားမယ်လို့ ပြောပါတယ်။

"ကျမတို့ ၂၀၁၀ ရွေးကောက်ပွဲကို မဝင်ခဲ့ရတဲ့အကြောင်းတွေမှာ အဲဒီတုန်းက ပြန်ပြီးတော့ မှတ်ပုံမတင်ရတဲ့အကြောင်း တစ်ခုထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို မကျေနပ်လို့ဆိုတာလည်းပါပါတယ်။ တရားဝင်အကြောင်းပြချက်အရ၊ ဆုံးဖြတ်ချက်အရကတော့ ဒီ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ဥပဒေတွေဟာ တရားမမျှတလို့ ကျမတို့လက်ခံနိုင်စရာအကြောင်းမရှိဘူး။ ဒါပေမဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သင့်တယ်ဆိုတာဟာ ရွှေဂုံတိုင်ကြေညာချက်တုန်းက ပါခဲ့ပါတယ်။ အဲဒီတော့ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်သင့်တယ်ဆိုတာ ကျမတို့က နိုင်ငံရဲ့အနာဂတ်ကိုကြည့်ပြီးတော့ ပြောတာပါ။ ကျမတို့အဖွဲ့တစ်ခုတည်းအတွက် ပြောတာမဟုတ်ပါဘူး။ တနိုင်ငံလုံးအတွက် ကျမတို့ရဲ့ ပြည်ထောင်စု တိုင်းရင်းသားအားလုံးအတွက်လိုအပ်တဲ့ ပြင်ဆင်မှုတွေအတွက် ကျမတို့ ဦးတည်ပြီးတော့ လုပ်သွားရမှာဖြစ်ပါတယ်။"

တဆက်တည်းပဲ အခုလို တရားဝင်မှတ်ပုံတင်ဖို့ ဆုံးဖြတ်တာဟာ

စာမျက်နှာ ၅ သို့

အပြောင်းအလဲတွေ လှေလာဖို့ ဗြိတိန်ဝန်ကြီး မြန်မာနိုင်ငံရောက်ရှိ — စာမျက်နှာ ၃

မြန်မာ့နိုင်ငံရေးအနာဂါတ်ဟာဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်ထဲမှာရှိ — စာမျက်နှာ ၆

၉၀ ရွေးကောက်ပွဲရလဒ်အပေါ် အခြေခံဖွဲ့ ထားသည့် CRPP ရပ်တည်ရေးမရေမရာ — စာမျက်နှာ ၁၀

မြန်မာအစိုးရ အဓိက မျှော်လင့်ထားသည့် အာဆီယံဥက္ကဋ္ဌရာထူးရရှိသွားပါပြီ — စာမျက်နှာ ၁၄

ဟီလာရီကလင်တန်ကို မြန်မာနိုင်ငံစေလွှတ်မည်ဟု သမတကြေညာ — စာမျက်နှာ ၁၆

အစိုးရအဖွဲ့ အတွင်း သဘောထားတင်းမာသူမရှိဟုဦးကျော်ဆန်းပြင်းဆို — စာမျက်နှာ ၁၉

VOB အာဘော်

# လူထု၏ဆန္ဒ သဘောထားသည် အရေးကြီး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနာဂါတ်မြန်မာပြည်အတွက် သမိုင်းဝင်ဆုံးဖြတ်ချက်တရပ်ချမှတ်လိုက်သည်။ အနာဂါတ်မြန်မာ့နိုင်ငံရေးတွင် အဖွဲ့ချုပ်မှ ပါဝင်ပြောရေးဆိုခွင့်၊ တရားဝင်လုပ်ပိုင်ခွင့်ရရှိလာရန် အတွက် တရားဝင်မှတ်ပုံတင်ရေး ဗဟိုဦးစီးအဖွဲ့အားလုံး၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ အပြည့်အဝကြိုဆိုထောက်ခံပါသည်။

အားလုံးဆွေးနွေးပြောဆိုကြသကဲ့သို့ လွှတ်တော်အတွင်း ကြံ့ဖွံ့နှင့် စစ်တပ်တမတ်သားပါလီမန်တို့ ကြီးစိုးထားမှုအပေါ် အဖွဲ့ချုပ်လျှောက်လှမ်းရမည့်အရေးကို ကြိုတွေးပြီး စိုးရိမ်မှုတွေရှိသည်ကို အပြစ်မပြောလိုပေ။ သို့သော် လွှတ်တော်ကိုယ်စားလှယ်များသည် လူထုကိုယ်စားလှယ်များဖြစ်၍ လွှတ်တော်ဆုံးဖြတ်ချက်ထက် လူထု၏ဆန္ဒသဘောထားနှင့် ဆုံးဖြတ်ချက်သည် အရေးကြီးသည်ဟု ယုံကြည်သည်။

အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ၊ ပြည်သူလူထုအကျိုးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် လူထု၏ထောက်ခံမှုသည် အင်မတန်အရေးပါသည်ဟုယူဆသည်။ ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းပြည်အကျိုးမရှိသော၊ လူထုအကျိုးမဖြစ်သော အခြေခံဥပဒေများကို ပြင်ဆင်ရာတွင် လွှတ်တော်ဆုံးဖြတ်ချက်ထက် လူထုဆန္ဒ၊ လူထုဆုံးဖြတ်ချက်ဖြင့် ပြုပြင်နိုင်သည်ဟု ယူဆထားပုံရသည်။ မှန်ပါသည်။ ပြည်တင်းရင် မင်းမခံနိုင်စကားရှိပါသည်။ ပြည်သူ့ဆန္ဒနှင့်အညီ တိုင်းပြည်အတွက်အကျိုးဖြစ်စေမည့် အခြေခံဥပဒေများကို ပြန်လည်မွမ်းမံပြင်ဆင်နိုင်ပါသည်။

ယခုလို အခြေအနေမျိုးတွင် အမြော်အမြင်ကြီးစွာဖြင့် တိုင်းပြည်ပြောင်းလဲရေး ဆောင်ရွက်နေသည့် ဒေါ်အောင်ဆန်းစုကြည်အား ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းအားပေး ထောက်ခံကြရန်အရေးကြီးပါသည်။

တချိန်တည်းတွင် ပြုပြင်ပြောင်းလဲရေး အရှိန်မြှင့်ဆောင်ရွက်ရေးတွန်းအားပေးရန် ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်ဘန်ကီမွန်း မကြာမီ ဗမာပြည်ကိုသွားမည်ဟု သိရသည်။ အမေရိကန်သမတမှလည်း သူ၏နိုင်ငံခြားရေးဝန်ကြီးမစ္စကလင်တန်ကို အပြောင်းအလဲတိုးတက်မှုအခြေအနေလေ့လာရန် ဗမာပြည်စေလွှတ်မည်ဟုဆိုပါသည်။ တချိန်တည်းတွင် သမတဦးသိန်းစိန်ကို အာဆီယံဥက္ကဋ္ဌရာထူးပေးကာ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအရှိန်အဟုန်မြှင့်ရန် အာဆီယံအဖွဲ့ကြီးမှ မီးထိုးပေးလိုက်သည်။ ဥရောပနိုင်ငံခေါင်းဆောင်များမှလည်း မြန်မာပြည်တိုးတက်ရေး ရှေ့ဆက်လှမ်းရေးကို နည်းမျိုးစုံဖြင့် တွန်းအားပေးလျက်ရှိသည်။ ဂျပန်နိုင်ငံမှလည်း အပြောင်းအလဲ ပိုမိုသိသာ မြင်သာထင်သာရှိလာပါက အထောက်အပံ့များကို ပိုမိုပေးသွားဖြစ်ကြောင်း ပြောဆိုထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဆူနာမိလှိုင်းသည် တားဆီးမရနိုင်တော့ဟု ယူဆသည်။

ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းပြည်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် လူထုအားနှင့် နိုင်ငံတကာအားတွေကို အဓိကအသုံးချလုပ်ဆောင်သွားမည်ဟု ယုံကြည်သည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေအောင်မြင်ရေး ဒေါ်အောင်ဆန်းစုကြည်အား ပြည်တွင်း ပြည်ပရှိ ဒီမိုကရေစီလိုလားသူမှန်သမျှ ဝိုင်းဝန်းအားပေးထောက်ခံကြရန် အလေးအနက်တိုက်တွန်းရေးသားလိုက်သည်။

# ၉၀ ရလဒ် လက်တွေ့မကျတဲ့တောင်းဆိုချက်ဖြစ်ဟု ဒေါ်အောင်ဆန်းစုကြည်ပြောဆို

**DVB နိုဝင်ဘာ ၁၈ ။** ။ ၁၉၉၀ ရွေးကောက်ပွဲရလဒ် အကောင် အထည်ဖော်ရေးဆိုတာ အခုအချိန်မှာ လက်တွေ့မကျတဲ့ တောင်းဆိုချက်ဖြစ်သွားပြီလို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

ရွှေဂုံတိုင် အဖွဲ့ချုပ်ရုံးမှာ ကျင်းပတဲ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှာ ဒေါ်အောင်ဆန်းစုကြည်က ၁၉၉၀ ရွေးကောက်ပွဲရလဒ်ဟာ တရားဝင်ပြီသား ဘယ်သူမှ ဖျောက်ဖျက်ပစ်လို့မရပေမယ့် ရွေးကောက်ပွဲရလဒ်လွှတ်တော်ပေါ်ပေါက်ရေးတောင်းဆိုချက်ကလက်တွေ့မကျတော့ဘူးလို့ ပြောပါတယ်။

"အသိအမှတ်ပြုတယ်ဆိုတာ တချို့က ဘယ်လို အသိအမှတ်ပြုတာကို ပြောတာလဲတော့မသိဘူး။ ဘယ်သူမှလဲ ပယ်ဖျက်လို့မရဘူး။ ဒီလိုဟာ အဖြစ်တိုင်းဖြစ်ခဲ့ပါတယ်ဆိုတာကို အခုလက်ရှိ၂၀၁၀ရွေးကောက်ပွဲကနေ တက်လာတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတယောက်က ဒီလိုပြောလိုက်တယ်ဆိုတာ လက်ခံနိုင်တဲ့ အကြောင်းရှိတယ်လို့ကျမပြောချင်ပါတယ်။ ဒါကို တချို့က ၁၉၉၀ ရွေးကောက်ပွဲအရ လွှတ်တော်ခေါ်ပေးရမယ်ဆိုပြီးခုထက်ထိအော်နေတုန်းပါ၊ဒါကတော့လက်တွေ့ကျတဲ့ကိစ္စမဟုတ်ပါဘူး၊လက်တွေ့ကျတဲ့ တောင်းဆိုချက်မဟုတ်ပါဘူး။"

မကြာခင်ကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ၉၀ ရွေးကောက်ပွဲရလဒ်ကိုအသိအမှတ်ပြုတယ်လို့ပြည်တွင်းဂျာနယ်ရန်ကုန်တိုင်းဂျာနယ်ကိုပြောခဲ့တာကိုရည်ညွှန်းပြီးဒေါ်အောင်ဆန်းစုကြည်ပြောသွားတာပါ။

၁၉၉၀ အနိုင်ရ မဟာမိတ်အဖွဲ့ချုပ်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအတွင်းရေးမှူး ဦးအေးသာအောင်က စီအာပီပီအနာဂတ်နဲ့ပတ်သက်လို့ မကြာခင်မှာဆွေးနွေးရမယ်လို့ ပြောပါတယ်။

"စီအာပီပီမှာပြီးခဲ့တဲ့လ ၇ ရက်နေ့ကတည်းက ဆွေးနွေးပြီးတော့ သဘောထားရထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ကျနော်တို့မီဒီယာကို ထုတ်ဖော်မပြောတာက အခု ဒီနေ့ဆွေးနွေးတဲ့ စီအီးစီအစည်းအဝေးကို လွှမ်းမိုးရာကျမှာစိုးလို့ မပြောခဲ့တာပါ။ အခုလို အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်က မှတ်ပုံတင်ဖို့ရယ်၊ ရွေးကောက်ပွဲဝင်ဖို့ရယ် ဆုံးဖြတ်လိုက်ပြီဆိုတော့ လာမယ့်အစည်းအဝေးမှာ ဒီကိစ္စကိုဆွေးနွေးဖို့ရှိပါတယ်။"

စီအာပီပီကို ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်း၊ ရခိုင်၊ ဇိုမီး၊ မွန်ပါတီတို့က ခေါင်းဆောင်တွေနဲ့ ရွေးကောက်ပွဲရလဒ် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးအတွက် ၁၉၉၈ ခုနှစ်မှာ ဖွဲ့စည်းခဲ့တာပါ။

၉၀ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၈၀ ရာခိုင်နှုန်းကျော်အနိုင်ရခဲ့တာဖြစ်ပြီးစစ်အစိုးရကရလဒ်ကိုအသိအမှတ်မပြုခဲ့ပါဘူး။ ၂၀၁၀ ရွေးကောက်ပွဲ အကြိုကာလမှာ ၁၉၉၀ ရလဒ်ကို ဖျက်သိမ်းကြောင်း အဲဒီတုန်းက စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ထိုးထားတဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေတရပ် ထုတ်ပြန်ခဲ့ပါတယ်။

# အပြောင်းအလဲတွေ လေ့လာဖို့ ဗြိတိန်ဝန်ကြီး မြန်မာနိုင်ငံရောက်ရှိ

**VOA ၊ နိုဝင်ဘာ ၁၅ ။** ။ မြန်မာအစိုးရသစ်လက်ထက်မှာ ဖေါ်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆန်းစစ်လေ့လာဖို့အတွက် ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Andrew Mitchell ဟာ မြန်မာနိုင်ငံကို အင်္ဂါနေ့မှာ စတင်ရောက်ရှိနေပါတယ်။ တချိန်ထဲမှာပဲ သူ့ရဲ့ မြန်မာနိုင်ငံ ၃ ရက်ကြာခရီးစဉ်အတွင်း မြန်မာနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးမှုတွေ ပြုလုပ်ဖို့ရှိတဲ့အတွက် မြန်မာနိုင်ငံထဲက တကယ်လိုအပ်နေတဲ့ ဒုက္ခသည်တွေဆီအကူညီတွေ ရောက်ဖို့ပါသေချာအောင် လုပ်ဆောင်သင့်တယ်လို့ဗြိတိန်နိုင်ငံအခြေစိုက် မြန်မာ့အရေး လှုပ်ရှားနေတဲ့ Burma Campaign UK အဖွဲ့ကြီးက တောင်းဆိုလိုက်ပါတယ်။အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြထား ပါတယ်။

ဝန်ကြီး အန်ဒရူးမစ်ချဲလ်ဟာ အင်္ဂါနေ့မှာ မြန်မာနိုင်ငံကိုရောက်ရှိလာပြီး နေပြည်တော်မှာ သမ္မတဦးသိန်းစိန်နဲ့ ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း အပါအဝင် အစိုးရထိပ်တန်းတာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။

တကယ်လို့ မြန်မာနိုင်ငံမှာ နိုင်ငံရေး အကျဉ်းသားအားလုံးပြန်လွှတ်ပေးတာနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ဦးတည်တဲ့ နိုင်ငံရေးလမ်းကြောင်းမှာ ဒေါ်အောင်ဆန်းစုကြည်ပါဝင်စေတာမျိုး မြန်မာအစိုးရအဖွဲ့ဘက်က လုပ်ဆောင်လာမယ်ဆိုရင် ဗြိတိန်နိုင်ငံက စီးပွားရေးပိတ်ဆို့အရေးယူထားမှုတွေ ဖြေလျှော့ပေးဖို့နဲ့ မြန်မာနိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီထောက်ပံ့မှုတွေ တိုးပေးဖို့ဗြိတိန်နိုင်ငံက အသင့်ပဲလို့ဝန်ကြီး မစ်ချဲလ်က သမ္မတဦးသိန်းစိန်ကို ပြောကြားခဲ့ကြောင်း ဗြိတိန်နိုင်ငံထုတ် The Telegraph တယ်လီဂရပ်ဖ်သတင်းမှာ ဖော်ပြပါတယ်။

ဗြိတိန်နိုင်ငံအခြေစိုက် မြန်မာ့အရေးလှုပ်ရှားတဲ့ Burma Campaign UK အဖွဲ့ ဒါရိုက်တာ Mark Farmaner ကတော့ ဝန်ကြီး မစ်ချဲလ် မြန်မာနိုင်ငံကို မသွားခင် မြန်မာအစိုးရသစ် အဖွဲ့ရဲ့လုပ်ဆောင်မှုတွေကို လက်တွေ့ လေ့လာဆန်းစစ်ပြီးမှ အပြောင်းအလဲတွေ တကယ်ရှိမရှိ ဆုံးဖြတ်မယ်လို့ ပြောဆိုခဲ့တယ်လို့ဆိုပါတယ်။

" သူပြောခဲ့တဲ့ စကားတွေထဲက အရေးကြီးတဲ့စကားတခွန်းက မြန်မာအစိုးရနဲ့အရင်ဆက်ဆံခဲ့တဲ့အတွေ့အကြုံတွေအရဆိုရင် သူတို့ပြောစကားတွေကိုမယုံသင့်တဲ့အတွက် သူတို့ရဲ့အပြောထက်လက်တွေ့လုပ်ဆောင်ပြတာကိုကြည့်ပြီးမှ ကိုယ်တိုင်ဆုံးဖြတ်မှာပါ လို့ပြောခဲ့တာပါ။ ဒါ့ပြင် အခုထိ သူတို့လုပ်ဆောင်မှုတွေအရဆိုရင် sanction နဲ့အရေးယူမှုတွေ ရုပ်သိမ်းပေးရလောက်အောင် တကယ်စစ်မှန်တဲ့ ပြောင်းလဲမှုတွေဖြစ်လာဖို့ကသိပ်ကိုလိုနေပါသေးတယ်လို့လည်းပြောပါတယ်"

မြန်မာနိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကနေလွှတ်ပေးတာနဲ့ နိုင်ငံရေးအကျဉ်းသားတချို့ကို လွှတ်ပေးတာ အပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုတချို့ကို ခွင့်ပြုခဲ့တာတွေရှိခဲ့ပေမယ့် တကယ်စစ်မှန်တဲ့ ပြောင်းလဲမှုတွေလုပ်ဖို့ လိုနေသေးတယ်လို့ဆိုပါတယ်။

"မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးတာမြင်ချင်တယ်လို့လည်း သူကပြောပါတယ်။ နောက်တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေရပ်ဆိုင်းဖို့နဲ့ မြန်မာနိုင်ငံမှာဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေ အခုလောက်နဲ့ မလုံလောက်သေးဘူးဆိုတဲ့အကြောင်း မြန်မာအာဏာပိုင်တွေသိအောင် ပြင်းပြင်းထန်ထန်ပြောကြားမှာဖြစ်ပြီး တကယ်လို့ အရေးယူဒဏ်ခတ်မှုတွေ ဖယ်ရှားပေးစေချင်ရင် တကယ်စစ်မှန်တဲ့ ပြောင်းလဲမှုတွေလုပ်ဖို့တိုက် တွန်းမယ်လို့လည်း မစ္စတာမစ်ချဲလ်ကပြောပါတယ်"

လက်ရှိမှာ မြန်မာနိုင်ငံတွင်း တိုင်းရင်းသားဒေသတွေမှာ တိုက်ပွဲတွေဖြစ်ပွားနေတာမို့ ဒုက္ခသည်အရေအတွက်ဟာ အရင်ကထက် ၂ ဆများလာတာ တွေ့ရပေမယ့် ဗြိတိန်နိုင်ငံက အကူအညီထပ်တိုးပေးတာမျိုးမရှိသေးဘူးလို့ ဆိုပါတယ်။ အကယ်လို့ ထောက်ပံ့ကူညီမှုတွေပေးမယ်ဆိုရင်လည်းတကယ့်ဒုက္ခသည်တွေဆီရောက်အောင်လုပ်ပေးဖို့လည်း တောင်းဆိုလိုက်ပါတယ်။

" Andrew Mitchell ဟာ မြန်မာနိုင်ငံအတွက် ကူညီထောက်ပံ့မှုတွေပေးရာမှာ တာဝန်ရှိသူဝန်ကြီးတဦးပါ။ သူဟာ ဗြိတိန်နိုင်ငံရဲ့ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကူညီမှုတွေကို ကိုင်တွယ်သူမို့အခုမြန်မာနိုင်ငံကိုကူညီထောက်ပံ့မှုတွေ ပေးမယ်ဆိုရင် တကယ်လိုအပ်နေတဲ့ သူတွေဆီရောက်မရောက် သေချာအောင်လုပ်ဖို့လိုပါတယ်"

ပြီးခဲ့တဲ့နှစ်ထဲမှာကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်တွေမှာ တိုင်းရင်းသားတွေနဲ့ အပစ်အခတ်ရပ်စဲထားတာကို ချိုးဖောက်ပြီး မြန်မာအစိုးရဘက်က စစ်ရေးတိုက်ခိုက်မှုတွေကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရတဲ့ ဒုက္ခသည်ပေါင်း ၁ သိန်းခွဲလောက်ရှိလာခဲ့တာမို့ ဒီဒုက္ခသည်တွေအတွက် ဗြိတိန်နိုင်ငံရဲ့အကူညီ တိုက်ရိုက်ပေးခွင့်မရခဲ့ရင် နယ်စပ်ကျော်ဖြတ်ပြီး အိမ်နီးချင်းနိုင်ငံတွေကနေတဆင့်ကုလသမဂ္ဂအကူအညီနဲ့ ပေးအပ်ဖို့လည်း တောင်းဆိုခဲ့တာပါ။

ဝန်ကြီးမစ်ချဲလ်ဟာ မြန်မာ့အရေးကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သူမို့ အခုလည်း မြန်မာနိုင်ငံက ဒုက္ခသည်တွေကိုထဲထဲဝင်ဝင်ကူညီနိုင်မယ်လို့ မျှော်လင့်ထားကြောင်းလည်း ပြောပါတယ်။

"Andrew Mitchell ဟာ မြန်မာ့အရေးကို အရင်နှစ်ပေါင်းများစွာကတည်းက စိတ်ဝင်စားခဲ့သူပါ။ လွန်ခဲ့တဲ့နှစ် သိပ်မကြာခင်ကပဲ သူမြန်မာနိုင်ငံကို သွားခဲ့ပါသေးတယ်။ အဲဒီတုန်းက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်နဲ့တွေ့ဆုံခဲ့သူပါ။ သူဟာ မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်ထဲက တိုက်ပွဲတွေဖြစ်နေတဲ့နေရာကိုလည်း ကိုယ်တိုင်လေ့လာဖို့ သွားရောက်ခဲ့သူမို့ပါ"

မစ္စတာ မစ်ချဲလ်ဟာ နိုဝင်ဘာလ ၁၇ ရက်နေ့မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဖို့ရှိတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်ထောက်တဦးဖြစ်သူ ဦးခွန်သာမြင့်က VOA ကိုအတည်ပြုပြောဆိုပါတယ်။

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ထူးထူးခြားခြားနိုင်ငံရေးဖြစ်စဉ်တွေ အပြောင်းအလဲတွေ ရှိလာခဲ့သည်

**လွတ်မြောက်လာပြီး တနှစ်ပြည့် သတင်းစာရှင်းလင်းပွဲ ၁/ ၂၀၁၁ မှ ဒေါ်အောင်ဆန်းစုကြည်၏အဖွင့်မိန့် ခွန်းဖြစ်ပါသည်။**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ သတင်းစာရှင်းလင်းပွဲ ၁/၂၀၁၁ ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် နိုဝင်ဘာလ ၁၄ ရက်နေ့ မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

အချိန်တစ်နာရီနှင့် ဆယ့်ငါးမိနစ်ကြာမြင့်ခဲ့သည့်အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ၎င်းနေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက်ပိုင်း ယနေ့အချိန်အထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။ အဖွင့်အမှာစကားပြောကြားချက်ကို ကောက်နုတ်တင်ပြလိုက်ပါတယ်။

"သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရတဲ့ အကြောင်းအရင်းကတော့ တစ်နှစ်အတွင်းမှာ မနေ့ကဆိုရင် ကျွန်မလွတ်မြောက်လာတာ တစ်နှစ်ပြည့်တဲ့နေ့ပါ။ ဒီတစ်နှစ်အတွင်းမှာ ဘာတွေဖြစ်မြောက်ခဲ့တယ်ဆိုတာနဲ့ ပတ်သက်လို့မေးချင်မြန်းချင်တဲ့ မီဒီယာအုပ်စုတွေက အများကြီးဆိုတော့ကျွန်မတို့ တစ်ယောက်ချင်း တစ်ယောက်ချင်းတွေ့ပြီးတော့ ဆွေးနွေးဖို့ရာအခက်ခဲရှိတော့ အားလုံးစုပြီးတော့ သတင်းစာရှင်းလင်းပွဲတစ်ခုလုပ်တာ ဖြစ်ပါတယ်။ ကျွန်မတို့ အနေနဲ့ဒီသတင်းစာရှင်းလင်းပွဲမှာစဉ်းစားရမှာက ဒီတစ်နှစ်အတွင်းကို ဘာတွေဖြစ်မြောက်ခဲ့တယ်ဆိုတာ အဓိကထားပြီး သိချင်ကြမယ်လို့ထင်ပါတယ်။"

"ကျွန်မတို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က နိုင်ငံရေးအဖွဲ့အစည်းဆိုတော့ နိုင်ငံရေးကိုတော့ ပထမဦးစားပေးပြီးတော့ပြောချင်ပါတယ်။ ကျွန်မတို့ နိုင်ငံရေးနဲ့ပတ်သက်လို့ဆိုရင် စပြီးထူထောင်စဉ်ကာလကတည်းက အကြမ်းမဖက်တဲ့လမ်းစဉ်နဲ့ ဒီမိုကရေစီရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ဖြစ်မြောက်ဖို့လုပ်မယ်ဆိုပြီး မူချခဲ့တာ။ ဒီအတိုင်းပဲ ကျွန်မတို့ဟာ အနှစ်နှစ်ဆယ်ကျော် ဒီလမ်းကို လျှောက်ခဲ့ပါတယ်။ အခုနှစ်မှာ ဆိုလို့ရှိရင် ထူးထူးခြားခြား နိုင်ငံရေးဖြစ်စဉ်တွေလို့ ပြောရမယ်ဆိုရင် ကျွန်မနဲ့ သမ္မတကြီးဦးသိန်းစိန်၊ ဝန်ကြီးဦးအောင်ကြည်တို့ တွေ့ဆုံမှုရဲ့ရလဒ်အရ အပြောင်းအလဲတွေရှိခဲ့ပါတယ်။ အများက စိတ်ဝင်စားနေတာကတော့ အန်အယ်လ်ဒီက ပြန်ပြီးတော့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်မလား၊ မတင်ဘူးလား၊ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ဝင်မလား၊ မဝင်ဘူးလား ဆိုတဲ့ကိစ္စဖြစ်ပါတယ်။ ဒီနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနဲ့ ရွေးကောက်ပွဲ ဥပဒေနဲ့ပတ်သက်လို့ဆိုလို့ရှိရင် လွှတ်တော်ကနေပြီးတော့ အပြောင်းအလဲ တချို့လုပ်ပြီး သမ္မတကြီးကလည်း လက်မှတ်ထိုးပြီးပြီဆိတော့ ဒီဟာတွေ ကအတည်ပြုပြီးသား ဖြစ်သွားပါပြီ။ ဒါကြောင့် ကျွန်မတို့ ၁၈ ရက် နေ့ကျရင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုကော် မတီ အစည်းအဝေးခေါ်ပြီးတော့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ အခု သတင်းစာရှင်းလင်းပွဲမှာ မှတ်ပုံတင်ရေး မတင်ရေးကိစ္စတွေ မမေးပါနဲ့။ ကျွန်မက ၁၈ ရက်နေ့အထိ စောင့်ပါလို့ပြောမှာပါ။ မေးရကျိုးနပ်မယ်မထင်လို့ မမေးပါနဲ့လို့ကျွန်မက ပြောတာပါ။ တခြားနိုင်ငံရေးနဲ့ပတ်သက်တဲ့ကိစ္စတွေမှာတော့ နိုင်ငံရေးအကျဉ်းသားများကိစ္စပါ။ ဒီနှစ်အတွင်းမှာ နိုင်ငံရေးအကျဉ်းသားအချို့ လွတ်လာတာရှိပါတယ်။ ဒါပေမယ့် အကျဉ်းထောင်တွေထဲမှာ ကျန်ရှိနေသေးတဲ့ နိုင်ငံရေးသမားတွေရှိတယ်ဆိုတာလည်း အများသိပြီးသားဖြစ်ပါတယ်။ ဒီနေ့တောင်မှ ထပ်ပြီးတော့ လွှတ်မယ်ဆိုတာကို ကျွန်မတို့ကြားနေရပါတယ်။ အခုထိတော့ ကျွန်မတို့ တိတိကျကျဘာမှ မသိရသေးပါဘူး။ အခုထိတော့ ဒါလွှတ်တော့မယ်၊ လွှတ်တော့မယ်လို့ပြောနေတယ်ဆိုတာကိုလည်း ကျွန်မတို့ကြားရပြီးဖြစ်ပါတယ်။ ဘာပဲပြောပြော နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေးဟာ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တင်မက ဒီမိုကရေစီလိုလားတဲ့သူ အားလုံးရဲ့ ရည်မှန်းချက် ဖြစ်ပါတယ်။"

"နောက်တစ်ခုကတော့ ကျွန်မတို့နိုင်ငံမှာ အခုအားလုံးအတွက် စိတ်ပူစရာ၊ ဆွေးနွေးစရာ ဖြစ်နေတာကတော့ ပြည်တွင်းငြိမ်းချမ်းရေး မရှိတဲ့ကိစ္စပါ။ အထူးသဖြင့် ကချင်ပြည်နယ်မှာ ဆိုလို့ရှိရင် တိုက်ခိုက်မှုတွေ ဖြစ်နေတာဟာ ကျွန်မတို့ နိုင်ငံအတွက်အင်မတန်မှ စိုးရိမ် ဖွယ်ရာဝမ်းနည်းစရာကိစ္စ ဖြစ်ပါတယ်။ ကျွန်မ ဇူလိုင်လ တုန်းကဆိုလို့ရှိရင် သမ္မတကြီးဦးသိန်းစိန်နှင့် တိုင်းရင်းသားအဖွဲ့အစည်းအချို့ကို အိတ်ဖွင့်စာပေးပြီးတော့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလုပ်ဖို့၊ နောက်ပြီး အေးအေးချမ်းချမ်းနဲ့ ငြိမ်းငြိမ်းအေးအေးနဲ့ဒီပြသနာတွေ ဖြေရှင်း ဖို့ဆိုတာကို တိုက်တွန်းခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဘယ်နေရာက ဖြစ်ဖြစ်ကူညီနိုင်တယ်ဆိုလို့ရှိရင်လည်းကူညီချင်ပါတယ်ဆိုပြီး ကျွန်မပြောခဲ့ပါတယ်။ အခုလည်းဒီအတိုင်းပါပဲ။ ဘယ်တော့မဆို ကျွန်မတို့အနေနဲ့ကျွန်မတစ်ယောက်တည်းသော်လည်းကောင်း၊ အမျိုးသားဒီမိကရေစီအဖွဲ့ချုပ်အနေနဲ့သော်လည်းကောင်း ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ တစ်နည်းတစ်နေရာကနေ ကူညီနိုင်တယ်ဆိုလို့ရှိရင် ကျွန်မတို့ကနေပြီးတော့ ဝင်ရောက်ပါဝင်ကူညီဖို့အဆင်သင့်ဖြစ်ပါတယ်လို့ ကျွန်မ ထပ်မံပြီး ပြောချင်ပါတယ်။"

"ကျွန်မတို့နိုင်ငံမှာ အခုနှစ်အတွင်း ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေပေါ်မှာ အခြေခံပြီး အင်မတန်မှ အရေးကြီးတဲ့ကိစ္စတစ်ခုလို့ ကျွန်မမြင်တာကတော့ ဥပဒေစိုးမိုးရေးကိစ္စပါပဲ။ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်လို့ပဲ၏ ဖြစ်ဖြစ်၊ ပြည် တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် ဥပဒေစိုးမိုးရေး မရှိလို့ကတော့ ကျွန်မတို့ဟာ သိပ်ခရီးရောက်မှာမဟုတ်ပါဘူး။"

ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးအကျဉ်းသားဆိုတာလည်း ဥပဒေ စိုးမိုးရေးရှိတဲ့နိုင်ငံမှာ ရှိလေ့ရှိထ မရှိပါဘူး။ နောက် စီးပွားရေးတွေနဲ့ပတ်သက်လို့ ရင်းနှီးမြှုပ်နှံမှုတွေ တကယ်ပဲ လာစေချင်တယ်ဆိုလို့ရှိရင် ဒီမှာလည်း ကျွန်မတို့ဟာ ဥပဒေစိုးမိုးရေးလိုပါတယ်။ နောက်ပြီး လာပြီးရင်းနှီးမြှုပ်နှံဖို့ စဉ်းစားမယ့်သူတွေက ဒီနိုင်ငံမှာ ဥပဒေ စိုးမိုးရေးရှိ၊ မရှိဆိုတာကို သေသေချာချာကြည့်ပြီးမှ သူတို့ ရင်းနှီးမယ်၊မရင်းနှီးဘူးဆိုတာကို ဆုံးဖြတ်မှာဖြစ်ပါတယ်။"

"နောက်ပြီးတော့ ကျွန်မတို့ နိုင်ငံတိုးတက်ရေးအတွက်လူတွေဟာ စိတ်လုံခြုံဖို့ဆိုရင် ဥပဒေစိုးမိုးရေးဆိုတာရှိရမယ်။ ဥပဒေစိုးမိုးရေး

**စာမျက်နှာ ၅ သို့**

**စာမျက်နှာ ၄ မှ**

ဟာ ဘာပေါ်မှာ မူတည်လည်းဆိုတော့ လွတ်လပ်တဲ့တရားရေးမဏ္ဍိုင် ရှိရမယ်။ တရားရေးမဏ္ဍိုင်ကလွတ်လပ်ရမယ်။ သန့်ရှင်းရမယ်။ ဒီလို သန့်ရှင်းပြီး လွတ်လပ်တဲ့ တရားရေးမဏ္ဍိုင် မရှိလို့ကတော့ ကျွန်မတို့ နိုင်ငံမှာ ဥပဒေစိုးမိုးရေးဆိုတာ ရှိနိုင်မှာမဟုတ်ပါဘူး။ ဒါဟာ နိုင်ငံတစ် နိုင်ငံအတွက် အင်မတန်မှအရေးကြီးတဲ့ကိစ္စလို့ ကျွန်မမြင်ပါတယ်။ ဒီဟာ ဟာ ဒီမိုကရေစီအတွက် မရှိမဖြစ် ရှိရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒီမိုကရေစီအဆောက်အအုံတွေ ခိုင်မာဖို့ဆိုတာဟာ လွတ်လပ်ပြီး သန့် ရှင်းတဲ့ တရားရေးမဏ္ဍိုင်ဟာ အဓိကဖြစ်ပါတယ်။ အဲဒီတော့ အဲဒီဟာ အတွက်ကျွန်မတို့ဟာဆက်ပြီးတော့ကြိုးစားသွားပါမယ်ဆိုတာလည်း ကျွန်မပြောချင်ပါတယ်။ ကျွန်မတို့ အရင်နှစ်ကဒီလိုနေ့မှာပေါ့ ၁၄ ရက် နေ့မှာ ရုံးရှေ့မှာ လူတွေနဲ့ စကားပြောတဲ့ အခါမှာကျွန်မတို့ဒီမိုက ရေစီ ကွန်ရက်တစ်ခု ဖွဲ့စည်းဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုတဲ့ အကြောင်း ကျွန်မပြောခဲ့ပါတယ်။ ဒီကွန်ရက်က ကျွန်မတို့ကျေနပ်အားရလောက် အောင်ကို ကျယ်ပြန့်ခဲ့တယ်ဆိုတာပြောနိုင်ပါတယ်။ အထူးသဖြင့် ပညာ ရေးဘက်မှာဆိုလို့ရှိရင် ကျွန်မတို့ အောင်အောင် မြင်မြင်ရှိပါတယ်။ တခြားကျန်းမာရေး၊ လူမှုရေး၊ လူသားချင်းစာနာတဲ့ အထောက်အကူ ဘက်တွေမှာလည်း ကျွန်မတို့ အောင်အောင်မြင်မြင်ရှိပါတယ်။"

"နောက်ပြီးတော့ ဥပဒေနဲ့ပတ်သက်လို့ ပြောရမယ်ဆိုလို့ရှိရင် ရှေ့နေကွန်ရက်တွေလည်း ကျွန်မတို့ဖွဲ့နိုင်ခဲ့ပါတယ်။ ဒါဟာ ကျွန်မတို့ ရဲ့ ဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်မယ်လို့ ကျွန်မတို့ မျှော်လင့် ပါတယ်။ ဒီလို တိုးတက်မှုတွေရှိပေမယ့် လုံလောက်သလား ဆိုလို့ရှိရင် ကျေနပ်လောက်တယ်ဆိုတဲ့စကား မသုံးချင်ပါဘူး။ဘာဖြစ်လို့လည်းဆို တော့ လုံလောက်ပြီ၊ ကျေနပ်လောက်ပြီဆိုတဲ့အဓိပ္ပာယ် ဟာထပ်ပြီး တော့ လုပ်ဖို့မလိုတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်ပြီးဖြစ်ပါတယ်။ ကျွန်မတို့ ထပ်ပြီးလုပ်စရာတွေ အများကြီးရှိပါသေးတယ်။"

"ဒါပေမယ့်လည်း တစ်ဖက်ကလည်း ဒီလိုအပြုသဘောဆောင် တဲ့အမြင်တွေလည်း ကျွန်မတို့လိုပါတယ်။ တိုးတက်ဖို့ဆိုတာဟာ ကျွန်မ တို့မှာ အမြင်တွေကိုလည်း ပြောင်းလဲသင့်တယ်အချိန်မှာ ပြောင်းလဲရ မယ်။ ကျွန်မတို့ဟာ ယုံကြည်ချက်အပေါ်မှာ အခြေခံပြီးတော့ စွန့်စား သင့်တဲ့အချိန်မှာလည်း စွန့်စားရပါမယ်။ အဲဒီလို လုပ်မှသာလျှင်ကျွန် မတို့လိုချင်တဲ့ ဒီမိုကရေစီလမ်းကြီးဟာ ပွင့်သွားမှာပါ။ ဒီတော့ မပွင့်သေး ဘူးလားလို့တချို့ကမေးမယ်။ ကျွန်မ ဒီလိုပြောခြင်းအားဖြင့် ဒီမိုက ရေစီလမ်းကြီးဟာ မပွင့်သေးဘူးလားလို့ ပြောလာလားဆိုလို့ရှိရင် ဒီ လမ်းဟာ ပွင့်ပြီလို့အားလုံးက လက်ခံနိုင်တဲ့အခြေအနေတော့မရောက် သေးပါဘူးဆိုပြီး ကျွန်မပြောပါရစေ။ ဒီအခြေအနေရောက်ဖို့ဟာကျွန်မ တို့အားလုံးဝိုင်းပြီးကြိုးစားဖို့လိုပါတယ်"။

"ကျွန်မတို့ အဖွဲ့ချုပ်ရဲ့ စာရင်းမှာတော့ နိုင်ငံရေးအကျဉ်းသား ၅၉၁ ယောက်ဖြစ်ပါတယ်။ အဖွဲ့ချုပ်ရဲ့စာရင်းက အစိုးရစာရင်းနဲ့ ၂၀၀ လောက်တော့ ကွာမယ်။ ဒါပေမယ့် တချို့စာရင်းတွေမှာ ၂၀၀၀ လောက် ရှိတယ်ဆိုတာ မှန်ပါတယ်။ အပြင်ကရတဲ့စာရင်းတွေ ကျွန်မ တို့ တတ်နိုင်သလောက် လိုက်ပြီး စုံစမ်းပါတယ်။ စုံစမ်းတော့ တချို့စာ ရင်းတွေထဲမှာပါနေတဲ့ တချို့အကျဉ်းသားတွေဟာလွတ်သွားတာကြာ ပြီဆိုတာကျွန်မတို့တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်မတို့အားလုံးကိုတော့ တိတိကျကျ မစုံစမ်းနိုင်သေးပါဘူး။ အခုကျွန်မတို့ ၅၉၁ ယောက် ဆိုပြီး သတ်မှတ်ထားတာ ကျွန်မတို့ သေသေချာချာအကျဉ်းထောင်တွေထဲ မှာရှိသေးတယ်ဆိုတာကိုသိတဲ့ နိုင်ငံရေးအကျဉ်းကျများဖြစ်ပါတယ်"။

"သမ္မတကြီးဦးသိန်းစိန်နဲ့ ပြောရဆိုရတဲ့ကိစ္စတွေမှာတော့ကျွန်မ အင်မတန်မှ အားတက်ပါတယ်။ သမ္မတကြီးအနေနဲ့ တစ်ကယ်ပဲ ဒီနိုင် ငံမှာတိုးတက်မှုလိုချင်တယ်လို့ ကျွန်မတစ်ဦးအနေနဲ့ကျွန်မဒီလိုပဲယုံ ကြည်ပါတယ်"။

"ကျွန်မတို့ကတော့ တိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းဖို့ ဆိုလို့ရှိရင် တန်းတူညီတူရေး ဆိုတာရှိရမယ်။ အပြန်အလှန်လေးစားပြီး အပြန်အ လှန်ယုံကြည်ခြင်းဆိုတာ ရှိရမယ်။ ဒါတွေက နေ့ချင်းညချင်း ဖြစ်နိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။ ကျွန်မတို့ တိုင်းရင်းသားတွေနဲ့တိုင်းရင်းသားတွေထဲ မှာကျွန်မဗမာကိုထည့်ထည့်ပြောပါတယ်။ ကျွန်မက တိုင်းရင်းသားတွေ ကြားမှာအေးချမ်းမှုဆိုတာဟာအားလုံး အေးအေးချမ်းချမ်းနေဖို့ဆိုလို့ရှိ ရင် ကျွန်မတို့ အင်မတန်ကြိုးစားပြီး လုပ်ရမယ့်ကိစ္စ။ လွယ်လွယ်နဲ့တော့ ဖြစ်မယ့်ကိစ္စမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမိုင်းအစဉ်အလာ အရ တစ်ယောက်နဲ့တစ်ယောက်ကို မယုံကြည်တဲ့စိတ်တွေ၊ တယောက် နဲ့တယောက်ကိုသံသယနဲ့မြင်တဲ့ အလေ့အထတွေရှိနေတယ်ဆိုတော့ ဒါတွေပပျောက်အောင်ဆိုတာ ကျွန်မကတော့ ကျွန်မတို့ အဖွဲ့ချုပ်ရဲ့ နိုင်ငံရေးမူအရပြောရမယ်ဆိုရင် ပထမဆုံးစလုပ်ရမှာက တော့တွေ့ဆုံ ဆွေးနွေးရေးပဲ။ ရိုးရိုးသားသားနဲ့ပွင့်ပွင့်လင်းလင်းအမြင်ချင်း ဖလှယ် နိုင်တဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာအရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒီ တော့ တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ဆိုတာ တယောက်နဲ့တယောက် ပစ် နေလို့တော့ မဖြစ်ဘူးလေ။ အပစ်အခတ်ရပ်စဲရမှာပေါ့"။

အဆိုပါသတင်းစာရှင်းလင်းပွဲ သို့ပြည်တွင်းပြည်ပမီဒီယာသမား များ ၁၀၀ ကျော်တက်ရောက်ခဲ့ကြပြီး ဒေါ်အောင်ဆန်းစုကြည်က အ ဖွင့်အမှာစကားနှင့် တက်ရောက်လာသော ပြည်တွင်းပြည်ပ မီဒီယာသ မားများ၏ မေးခွန်းများကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြန်လည် ဖြေကြားခဲ့သည်။ ✡✡✡✡✡

---

**မျက်နှာဖုံးမှ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်တည်ရေးသက်သက်အတွက်မဟုတ် ပေမဲ့လို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်တည်နိုင်ရေးဟာလည်းအသုံး ချရမယ့် နည်းလမ်းတစ်ခုဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြော သွားပါတယ်။

"အဖွဲ့ချုပ်ရဲ့ ရပ်တည်ရေးတစ်ခုတည်းအတွက် ဒါ လုပ်တယ်ဆို ရင် သဘောမတူဘူးလို့ပြောတာ ဒါဟာ အင်မတန်မှမှန်ကန်တဲ့သုံးသပ် ချက်ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ခုပဲ ကျမ သတိပေးချင်တာက အဖွဲ့ချုပ်ရဲ့ ရပ်တည်ရေးဆိုတာကတော့ အရေးကြီးပါတယ်။ အရေးကြီးတာက ဒါက ပန်းတိုင်အနေနဲ့ မဟုတ်ပါဘူး။ လုပ်နည်းလုပ်ထုံးတစ်ခု အနေနဲ့ပါ။ အသုံးချသွားဖို့ နည်းလမ်းတစ်ခု အနေနဲ့ပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ရပ်တည်ရေးဆိုတာဟာ ဒီအဖွဲ့ချုပ် ရပ်တည်ရေးအတွက်မဟုတ်ပါ ဘူး။ ပြည်သူတွေအတွက် ရပ်တည်တယ်လို့ ကျမမြင်ချင်ပါတယ်။"

တချိန်တည်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံရေးပါ တီတရပ်လို ပီပီပြင်ပြင် ရပ်တည်လှုပ်ရှားသွားနိုင်ဖို့လည်း ကြိုးစားသွား မှာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးပါတီတစ်ခုအနေနဲ့မလှုပ်ရှားရတာ အတော်ကြာပြီ။ နိုင်ငံရေး ပါတီတစ်ခုရဲ့ အလုပ်တွေကိုမလုပ်ခဲ့တာ အတော်ကြာပြီ။ ကျမတို့ပြန် ပြီးတော့ လေ့ကျင့်ယူရမယ်။ လေ့ကျင့်ယူရမယ်ဆိုတာ ကျမတို့လူငယ်

**စာမျက်နှာ ၇ သို့**

# မြန်မာ့နိုင်ငံရေးအနာဂါတ်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်ထဲမှာရှိ

RFA အသံလွှင့်ဆောင်းပါး

ဒီနေ့သောကြာနေ့မှာ မြန်မာ့ဒီမိုကရေစီမှာ အရေးပါတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဟာ ပါတီမှတ်ပုံတင်ရေး မတင်ရေးနဲ့ ရွေးကောက်ပွဲ ဝင်သင့် မဝင်သင့် ဆုံးဖြတ်ဖို့ ရှိပါတယ်။ ဒီအခြေအနေဟာ မြန်မာ့နိုင်ငံရေးလောကတခုလုံးကို အကြီးအကျယ်ပြောင်းလဲသွားမယ့် အနေအထားဖြစ်ပေမယ့် ဒီအချိန်အခါ အခွင့်အရေးဟာ ဒေါ်အောင်ဆန်းစုကြည်အတွက် မဟာဗျူဟာမြောက် အားသာချက် အားနည်းချက်တွေ ရှိနေတယ်လို့ ပြင်ပဆောင်းပါးရှင် Larry Jagan ရဲ့ သုံးသပ်ထားတာကို ဒီတပတ် VOB စာဖတ်ပရိသတ်အတွက် ဖော်ပြလိုက်ပါတယ်။

အခုအချိန်ကာလဟာ မြန်မာ့နိုင်ငံရေးအနာဂါတ်အတွက်အဓိကလမ်းဆုံလမ်းခွကိုရောက်နေပြီး အပြောင်းအလဲတွေ ဆက်တိုက်ဖြစ်လာတော့မယ့်အခြေအနေဖြစ်ပါတယ်။မကြာခင်အရင်စစ်ထောက် လှမ်းရေးအဖွဲ့ဝင်တွေကလွဲပြီး နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လည် လွတ် မြောက်လာကြတော့မှာဖြစ် သလို အဲန်အယ်လ်ဒီပါတီကလည်း မှတ်ပုံတင်ပြီး ကြားဖြတ်ရွေးကောက်ပွဲဝင်တော့မယ့် အလားအလာရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူတကိုယ်တော် ဆုံးဖြတ်ချက်ချပြီးဖြစ်တယ်လို့ ယူဆစရာရှိပါတယ်။

အလားတူဘဲ သူ့ရဲ့အနာဂါတ် နိုင်ငံရေးသြဇာလွှမ်းမိုးနိုင်ဖို့ဟာလည်း ဒီဆုံးဖြတ်ချက်အပေါ်မှာ တည်သွားနိုင်ပါတယ်။ အခုနိုင်ငံရေးကစားကွက်ကိုအထူးဂရုစိုက်ပြီးကစားဖို့ဒေါ်အောင်ဆန်းစုကြည်ရဲ့နောက်ကွယ်က အကြံပေးနေသူတွေ အများကြီးရှိပါတယ်။ ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ဝင်ပြိုင်လို့ လွှတ်တော်အမတ်ဖြစ်လာရင် ပြည်သူ့လွှတ်တော်မှာ အတိုက်အခံခေါင်းဆောင်အနေနဲ့နိုင်ငံရေး အပြောင်းအလဲတွေ အစီအစဉ်ချ လုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။

ဒါပေမယ့် တဖက်မှာလည်း နိုင်ငံရေးဆောင်ရွက်ချက်တွေဟာ လွှတ်တော်ထဲမှာဘဲ ပိုများလာပြီး အပြင်နိုင်ငံရေးကိစ္စတွေ လျော့ကျသွားနိုင်ပါတယ်။ နောက်တချက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနဲ့သာ တိုက်ရိုက်အထိအတွေ့ ရှိလာမှာဖြစ်ပြီး သမတဦးသိန်းစိန်နဲ့ ထိတွေ့မှု နည်းပါးသွားမှာဖြစ်ပါတယ်။

ဆက်ဆံဝန်ကြီး ဦးအောင်ကြည်နဲ့ တွေ့ဆုံဆွေးနွေးမှုတွေဟာလည်း လွှတ်တော်အတိုက်အခံဖြစ်လာပြီဆိုရင် အသံတိတ်သွားဖို့ရှိပါတယ်။ နောက်တချက်က ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံမှာ တခုတည်းသော ဒီမိုကရေစီလှုပ်ရှားမှုရဲ့ သင်္ကေတဖြစ်ပါတယ်။ သူ့အနေနဲ့ လွှတ်တော်ထဲ အတိုက်အခံအမတ်အနေနဲ့ ဝင်ရောက်ပြီး အငြင်းအခုန်ဖြစ်နေတာထက် ပြင်ပမှာနိုင်ငံရေးကို အကွက်ချလုပ်ဆောင်သင့်ပါတယ်။

နောက်ပြီးတော့ သမတဦးသိန်းစိန်ဟာ စိတ်ထားကောင်းမွန်သူဖြစ်ဦး လွှတ်တော်စနစ်ကို နားမလည်သေးသလို သမတအာဏာကို ပိုသုံးနေတာကိုလည်း ထိန်းချုပ်ဖို့လိုပါတယ်။ နောက်တချက်က ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သမတနဲ့လွှတ်တော်ကို အသိအမှတ်ပြု ထောက်ခံခြင်းအားဖြင့် ဒီမိုကရေစီပြောင်းလဲရေးကို အရေးကြီးတဲ့နေရာက ဝင်ရောက်ဦးဆောင်နိုင်ပါတယ်။

လွှတ်တော် ဘယ်လို ဘယ်အခန်းကဏ္ဍမှာရှိသင့်တယ်၊ သမတနဲ့သမတအဖွဲ့ကို ကြီးကျပ်တဲ့အဖွဲ့တွေ ဘယ်လို လုပ်ငန်းတွေဆောင်ရွက်ရမယ်ဆိုတာတွေ ဦးဆောင်နိုင်မှာဖြစ်သလို တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေး ပြန်လည်သင့်မြတ်ရေးတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒီလိုလုပ်ငန်းမျိုးကို ပြည်သူ့ခေါင်းဆောင် တဦးအနေနဲ့ရော သမတအကြံပေးတဦးအနေနဲ့ရော ဒေါ်အောင်ဆန်းစုကြည် အကောင်းဆုံးလုပ်ဆောင်နိုင်ပါတယ်။ နောက်တချက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြင်ဆင်ဖွဲ့စည်းဖို့ဖြစ်ပါတယ်။ ဥပမာအသက် ၇၀ ကျော်အရွယ် ပါတီခေါင်းဆောင်တွေကို နာယကအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး လူငယ်တွေနဲ့ အားသစ်လောင်းဖို့ရှိတယ်လို့ ပြောဆိုတာတွေလည်းရှိပါတယ်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ အထူးသဖြင့် ကိုမင်းကိုနိုင်နဲ့ကိုကိုကြီးတို့လို ခေါင်းဆောင်တွေကို ပါတီမှာ အခန်းကဏ္ဍတခုပေးဖို့ ဖြစ်ပါတယ်။ နောက်တချက်က အဲန်အယ်လ်ဒီပါတီအတွက်ရော ဒေါ်အောင်ဆန်းစုကြည်အတွက်ပါ မူဝါဒတွေချမှတ်တာ မဟာဗျူဟာ ဆုံးဖြတ်ချက်တွေ ချမှတ်တာတွေအတွက် အကြံဉာဏ်ကောင်းတွေ ပေးနိုင်အောင် အတွေ့အကြုံရှိတဲ့ ကျွမ်းကျင်အကြံပေးအဖွဲ့တွေ ရှာဖွေခန့်ထားရေးဖြစ်ပါတယ်။

ပါတီအနာဂါတ်အတွက် စီးပွားရေး ဖွံ့ဖြိုးရေး ပညာရေး ကျန်းမာရေး စတဲ့ကဏ္ဍတွေမှာ အကြံပေးပြီးတော့ မူဝါဒတွေရေးဆွဲနိုင်ဖို့ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တော်ထဲကို ဝင်ရောက်စေလိုသူတွေဘက်ကလည်း ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်လာတာနဲ့ လွှတ်တော်မှာ သိက္ခာတက်လာမယ်၊ အများက ပိုယုံကြည်လာမယ်၊ နောင်တချိန်မှာ သမတဦးသိန်းစိန်တစုံတရာကြောင့် အရာထူးကအနားယူရရင် သူရဦးရွှေမန်းက သမတဖြစ်လာမယ်၊ ဒေါ်အောင်ဆန်းစုကြည်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာနိုင်တယ်လို့ ဆိုကြပါတယ်။

နောက် ဖြစ်လာနိုင်တဲ့အချက်တခုကတော့ အခု နိုင်ငံရေးပြင်ဆင်ချက်တွေဟာ ၂၀၁၅ မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အပြီးသတ်ဆုံးဖြတ်နိုင်အောင် စီစဉ်တာဖြစ်တယ်လို့ဆိုပါတယ်။ လွှတ်တော်မှာအခုအတိုက်အခံခေါင်းဆောင်အဖြစ်ကနေ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအတွက်ပြင်ဆင်ပြီး ၂၀၁၅ မှာ ဒေါ်အောင်ဆန်းစုကြည် သမတ ဖြစ်လာဖို့ရည်ရွယ်တာလို့ ပါတီဝင်ဟောင်းတဦးကပြောတာမျိုးရှိပါတယ်။

ဘာဘဲပြောပြော ၂၀၁၅ မတိုင်ခင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးလည်း လိုအပ်နေပါသေးတယ်။ ဒီဆောင်းပါးဟာ မြန်မာ့အရေး သုံးသပ်လေ့လာသူတဦးအနေနဲ့ အကြံပြုတာတွေဖြစ်ပေမယ့် မြန်မာ့ဒီမိုကရေစီရေးလုပ်ဆောင်နေသူ ပြည်တွင်း ပြည်ပကလူပုဂ္ဂိုလ်တွေရဲ့ စိုးရိမ်တာတွေကိုလည်း ပြန်ပြီးတော့ တင်ပြထားပါတယ်။

နောက်ဆုံးကတော့ မြန်မာ့နိုင်ငံရေးအနာဂါတ်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့လက်ထဲမှာရှိနေတဲ့အချက်ဖြစ်ပါတယ်။မှတ်ပုံတင်မတင် ရွေးကောက်ပွဲ ဝင်မဝင် ဆုံးဖြတ်ချက်တွေဟာ မြန်မာနိုင်ငံမှာ နောင်အနာဂါတ် ဘာတွေဖြစ်လာမလဲဆိုတာကို အကြီးအကျယ်သြဇာသက်ရောက်စေမှာဖြစ်တယ်ဆိုတာကတော့ မလွဲပါဘူးလို့ ပြင်ပဆောင်းပါးရှင်သတင်းစာဆရာ Larry Jagan က RFA ကို သီးသန့်ရေးပို့တဲ့ဆောင်းပါးမှာ သုံးသပ်တင်ပြထားပါတယ်။ ✡✡✡✡✡

# မြန်မာ အလှည့်ကျဥက္ကဌဖြစ်ရေး အာဆီယံအဖွဲ့အတွင်း ထောက်ခံမှုတိုး

**VOA ၊ နိုဝင်ဘာ ၁၄ ။** ။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ကျင်းပနေတဲ့ ၁၉ ကြိမ်မြောက် အာဆီယံထိပ်သီး ညီလာခံမှာလာမယ့် ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အာဆီယံအလှည့်ကျသဘာ ပတိတာဝန်ယူခွင့် ရမလား မရဘူးလားဆိုတဲ့ အဖြေထွက်လာဖို့ရှိနေပါ တယ်။ မြန်မာနိုင်ငံ အာဆီယံအလှည့်ကျ သဘာပတိတာဝန်ယူဖို့ကိစ္စနဲ့ပတ်သက်ပြီးတော့ အာဆီယံ အတွင်းရေးမှူးချုပ် ဆူရင်းပစ်ဆူဝမ် အပါအဝင် ဒေသတွင်း ခေါင်းဆောင်တချို့ရဲ့ အမြင်သဘောထားတွေကို ဒေါ်ခင်မျိုးသက် စုစည်းတင်ပြထားပါတယ်။

နိုဝင်ဘာလ ၁၇ ရက်ကနေ ၁၉ ရက်အတွင်းကျင်းပမယ့် ၁၉ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ အာဆီယံခေါင်းဆောင်တွေဟာ သမ္မတဦးသိန်းစိန်တက်ရောက်ခဲ့တဲ့ ၁၈ ကြိမ်မြောက်အာဆီယံအစည်းအဝေးတုန်းက မြန်မာနိုင်ငံကအဆိုပြုခဲ့တဲ့ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ သဘာပတိနေရာယူရေးကိစ္စကို ဆွေးနွေးကြမှာဖြစ်ပါတယ်။ အာဆီယံ အလှည့်ကျသဘာပတိလုပ်ဖို့ အဆိုပြုခဲ့ပြီးတဲ့ နောက်ပိုင်း မြန်မာအစိုးရသစ်အဖွဲ့ဟာ ဒီမိုကရေစီရေး ပြောင်းလဲမှုတွေလုပ်ပြလာခဲ့တာမို့ မြန်မာနိုင်ငံအတွက် အခုလို ဆုပေးစနစ်မျိုးနဲ့ လုပ်ဆောင်နေတဲ့ အာဆီယံရဲ့ချဉ်းကပ်မှုဟာ မှန်ကန်တယ်လို့ထင်ပါသလား။ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာဆူရင်းပစ်ဆူဝမ်ရဲ့အမြင်ကို ကြည့်ရအောင်ပါ။

"မြန်မာနိုင်ငံမှာ အပြုသဘောဆောင်တဲ့ အဆင့်ဆင့်ပြောင်းလဲမှုတွေဟာ အာဆီယံအဖွဲ့ကြီးရဲ့ တိုက်တွန်းမှုကြောင့် ဖြစ်လာတာလို့ အတိုင်းအတာတစ်ခုအနေနဲ့ အာဆီယံက ပြောနိုင်အားရှိတယ်လို့ ကျနော်ထင်ပါတယ်။ မြန်မာနိုင်ငံအတွက် အာဆီယံက ပံ့ပိုးမှုနဲ့အားပေးခဲ့သလို တချို့နေရာတွေမှာ ပြောင်းလဲဖို့လိုနေတယ်လို့ ဖိအားတွေလည်း ပေးခဲ့ပါတယ်။ အာဆီယံဟာ မြန်မာအတွက် အရေးပါသလို မြန်မာနိုင်ငံကလည်း အာဆီယံအတွက် သိပ်ကို အရေးပါတာကိုမြန်မာနိုင်ငံ အာဆီယံအလှည့်ကျ သဘာပတိတာဝန်ယူရေးနဲ့ပတ်သက်တဲ့ဆွေးနွေးမှုတွေကနေသိနိုင်ပါတယ်။ ဒါ့ကြောင့်လည်းမြန်မာနိုင်ငံကိုယ်တိုင်ကလည်း ပြုပြင်ပြောင်းလဲမှုတွေ အဆင့်ဆင့်လုပ်မယ်လို့ကတိ တွေပေးခဲ့တာပါ။ မြန်မာ အာဆီယံအလှည့်ကျ သဘာပတိလုပ်ဖို့အတွက်အာဆီယံအဖွဲ့ဝင်တွေရဲ့အမြင်သဘောထားနဲ့ဘယ်လိုစဉ်းစားကြတယ်ဆိုတာကိုလည်း ကြည့်ရဦးမှာဖြစ်ပြီး အပြောင်းအလဲဖြစ်လာတာတွေအတွက်ကတော့ အာဆီယံအဖွဲ့ကြီးရဲ့ တိုက်တွန်းမှုကြောင့်ဖြစ်လာတာလို့ပြောနိုင်ပါတယ်။"

မြန်မာနိုင်ငံ အာဆီယံအလှည့်ကျ သဘာပတိနေရာယူရေးအတွက် အသင့်ဖြစ်မဖြစ် သိရအောင် အောက်တိုဘာလကုန်မှာ မြန်မာနိုင်ငံကို ကိုယ်တိုင်သွားရောက် စုံစမ်းလေ့လာခဲ့တဲ့ အာဆီယံအလှည့်ကျဥက္ကဌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါ ကတော့ မြန်မာကို ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျသဘာပတိရာထူးပေးလိုက်ရင် ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုတွေ ဒီထက်ပိုတွေ့လာနိုင်တယ်လို့ ထင်မြင်ကြောင်း ပြောကြားခဲ့ပါတယ်။

မစ္စတာ ဆူရင်းပစ်ဆူဝမ်ကလည်း မြန်မာနိုင်ငံ ဒီမိုကရေစီရေး ပြောင်းမပြောင်း အငြင်းပွားစရာမလိုဘူးလို့ ထင်မြင်ယူဆတဲ့အပြင် မြန်မာ ဘက်က ပြုပြင်ပြောင်းလဲလာတဲ့ ခြေလှမ်းတွေကြောင့်စစ်တပ် ဦးဆောင်တဲ့ မြန်မာအစိုးရအပေါ် အရေးယူဒဏ်ခတ်မှုတွေချမှတ် ထားတဲ့ အနောက်နိုင်ငံတွေအနေနဲ့ ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုတချို့ပါ လျှော့ချပေးဖို့ ဒီအစည်းအဝေးတွင်း ပြောဆိုမယ်လို့မျှော်လင့်ထားကြောင်း မစ္စတာ ဆူရင်းကပြောပါတယ်။

"ကျနော်မြင်သလို သတိထားမိရသလောက်ကတော့ မြန်မာနိုင်ငံတွင်းလက်ဆုပ်လက်ကိုင်ပြနိုင်လောက်တဲ့ ပြောင်းလဲမှုနဲ့ပတ်သက်လို့ နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြုလာနေကြပါပြီ။ နိုင်ငံတကာ အသိုင်းအဝိုင်း၊ အထူးသဖြင့် တကယ့်ကို ထဲထဲဝင်ဝင်စောင့်ကြည့်နေတဲ့ နိုင်ငံကြီးတွေဖြစ်ကြတဲ့ ဂျပန်၊ အမေရိကန်နဲ့ဉရောပနိုင်ငံတွေဘက်ကလည်း မြန်မာအစိုးရရဲ့ပြောင်းလဲမှုနဲ့အညီ ပြန်လည်တုံ့ပြန်သွားကြဖို့ ကျနော်မျှော်လင့်ပါတယ်။"

မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတချို့ လွှတ်ပေးခဲ့တာအပါအဝင် ဒီမိုကရေစီရေးပြုပြင်မှု ခြေလှမ်းတွေနဲ့ပတ်သက်ပြီးအမေရိကန်နိုင်ငံဘက်က ကြိုဆိုခဲ့ပေမဲ့ မြန်မာနိုင်ငံအပေါ်အရေးယူ ဒဏ်ခတ်မှုတွေရုတ်သိမ်းပေးရေးအတွက် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့၊ မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီထက်ပိုပြီး အဓိပ္ပါယ်ရှိတဲ့ ဆွေးနွေးမှုတွေ လုပ်ဆောင်ဖို့လိုမျိုး ထင်သာတဲ့ လုပ်ဆောင်မှုတွေ ဆက်ပြီးလုပ်ဖို့အတွက် တိုက်တွန်းခဲ့ပါတယ်။

မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ်မှာ အာဆီယံသဘာပတိနေရာယူရေးနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမြင်ကတော့ -

"ကျမ အမြဲပြောနေတဲ့စကားရှိပါတယ်။ မြန်မာနိုင်ငံ အာဆီယံအလှည့်ကျသဘာပတိဖြစ်လာရေးထက် ပိုပြီးအရေးကြီးတာက မြန်မာနိုင်ငံတွင်းနေထိုင်ကြတဲ့သူတွေရဲ့ လူမှုဘဝထင်သာမြင်သာတဲ့တိုးတက်မြင့်မားမှုတွေရှိလာဖို့၊ ဒါကိုပဲ ကျမက စိုးရိမ်ပါတယ်။" လို့ ဗွီအိုအေသတင်းထောက်ရဲ့အမေးကို ဒေါ်အောင်ဆန်းစုကြည်ကဖြေကြားသွားခဲ့ပါတယ်။

---

**စာမျက်နှာ ၅ မှ**

တွေလည်းရှိတယ်။ အရင်တုန်းက လက်ဟောင်းတွေလည်းရှိတယ်။ အားလုံးဟာ ပြန်ပြီးတော့နိုင်ငံရေးပါတီတစ်ခုအ နေနဲ့လုပ်သင့် လုပ်ထိုက်တာတွေကို လုပ်ရတော့မယ်။ ဒီမိုကရေစီစနစ်အောက်မှာ နိုင်ငံရေးပါတီတစ်ခုထူထောင်ပြီဆိုကတည်းကရွေးကောက်ပွဲတွေမှာတချိန်တခါမှာယှဉ်ပြိုင်ရတော့မှာ။ ဒီတော့အဲဒါကလည်း ဒီမိုကရေစီမှုအရလည်း လုပ်သင့်တဲ့ကိစ္စဖြစ်လို့ ကျမတို့လုပ်ချင်တယ်။"

အခုလို အဖွဲ့ချုပ် ပြန်လည်မှတ်ပုံတင်လိုက်တဲ့နောက် မြန်မာနိုင်ငံတွင်း တရားဥပဒေစိုးမိုးရေးနဲ့ ပြည်တွင်းစစ်ရပ်စဲရေး၊ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးကိစ္စတွေကို သူတို့အနေနဲ့ဆက်လုပ်သွားမယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ တဘက်မှာအဖွဲ့ချုပ်မှတ်ပုံတင်တာကို မလိုလားတဲ့ အဖွဲ့ဝင်တွေကိုလည်း အဖွဲ့ချုပ်လုပ်ငန်းတွေမှာ နားလည်မှုရှိရှိ ဆက်လက်လက်တွဲဆောင်ရွက်သွားကြဖို့ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းသွားပါတယ်။

# မန္တလေးသံဃာတော်တွေဆန္ဒထုတ်ဖော်ခဲ့တဲ့အပေါ် သံဃာ့တပ်ပေါင်းစုထောက်ခံ

**VOA၊ နိုဝင်ဘာ ၁၅ ။** ။ မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေကို မြန်မြန်ဆန်ဆန် ပြောင်းလဲသင့်သလောက် မပြောင်းလဲတာကြောင့် မန္တလေးကသံဃာတွေ မကျေမနပ် ဆန္ဒထုတ်ဖော်ခဲ့ရတာဖြစ်တယ်လို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု ပြည်ပတာဝန်ခံက ပြောပါတယ်။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်မယ်ဆိုပြီး ပြောသလို ဖြစ်မလာတဲ့အပေါ်မှာ သံဃာတွေဘက်က စိတ်ပျက်ရတာဖြစ်တယ်လို့ ပြောပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေလွှတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရရေး အချက်သုံးချက်အတွက် မန္တလေးဘုရားကြီး မဟာဗုဒ္ဓဝင်ပြတိုက်မှာ ဆန္ဒပြခဲ့ကြတဲ့ သံဃာတော်တွေဟာ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်သင့်သလောက် မြန်မြန်ဆန်ဆန် ဖြစ်မလာတဲ့အပေါ် အာဏာပိုင်တွေကို ဖိအားပေးဆောင်ရွက်ရတာဖြစ်တယ်လို့ ဆန္ဒပြသံဃာတွေကိုယ်တိုင်ကရော၊ ဒါကို ထောက်ခံတဲ့ သံဃာအဖွဲ့အစည်းတွေကပါပြောပါတယ်။ အထူးသဖြင့်အစိုးရဘက်က အပြောနဲ့အလုပ် မညီလို့ ဆန္ဒ ပြတာဖြစ်တယ်လို့ သံဃာတပ်ပေါင်းစုရဲ့ ပြည်ပတာဝန်ခံ အရှင်ပညာ ဇောတက ဗွီအိုအေကို ပြောပါတယ်။

"ထောင်တွေထဲမှာ သံဃာတော်တွေ အများကြီးရှိနေသေးတယ်။ ဒီလို ရှိနေတဲ့ သံဃာတော်တွေကို နအဖအစိုးရကနေပြီးတော့ လွှတ်ပေးမယ်ဆိုပြီးတော့ပြောတယ်။ ဒါတွေ သူပြောထားပြီးတော့ အပြောနဲ့အလုပ် မညီတဲ့အတွက်ကြောင့် သံဃာတော်တွေကတော့ သံဃာတော်တွေအချင်းချင်းလွှတ်ပေးဖို့အတွက် အားလုံးမှာတာဝန်ရှိတယ်ဝတ္တရားရှိတယ်လေ။ ဒါကြောင့်သံဃာတော်တွေကပြောတာပါ"

ကိုယ်တိုင်ဆန္ဒပြခဲ့သူ ဦးသောပါက ကိုယ်တိုင်ကလည်း ပြုပြင်ပြောင်းလဲမှုတွေ မျှော်လင့်သလို ဖြစ်မလာတဲ့အတွက် သံဃာတော်တွေအနေနဲ့လုပ်သင့်တယ်လို့ယူဆတာကို ဆောင်ရွက်ရတာဖြစ်တယ်လို့ ဗွီအိုအေကို ပြောခဲ့ပါတယ်။

"သံဃာတွေကိုရော နိုင်ငံရေးအကျဉ်းသားတွေ အားလုံးကိုရော အမြန်ဆုံးလွှတ်မြောက်လိမ့်မယ်လို့ ဦးဇင်းတို့က အစောကြီးက တွက်ထားတာ။ ဒါပေမဲ့ ဦးဇင်းတို့ထင်ထားသလို တွက်ထားသလို မဖြစ်လာတဲ့အခါကျတော့ ငါတို့ရဲ့ ညီတော် နောင်တော်သံဃာတော်တွေရော ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်တို့ စသည် အားဖြင့် အားလုံးလွှတ်မြောက်ဖို့တော့ ငါတို့ လုပ်ဖို့ အချိန်တန်ပြီ- ဆိုပြီးတော့ အဲဒီလို ဆုံးဖြတ်ချက်နဲ့ ဦးဇင်းတို့ သံဃာတွေကနေပြီးတော့ လုပ်လိုက်တာပါ။

ဒီနိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်မှသာလျှင် ဦးဇင်းတို့တိုင်းပြည်ဟာ စီးပွားရေးရော ဘာရော ဘက်ပေါင်းစုံကတိုးတက်လာမှာကိုး။ အဲဒါကြောင့် သူတို့လွှတ်ရင်တော့ တိုင်းပြည်က အများကြီးတိုးတက်လာစရာရှိတယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ဦးဇင်းတို့လုပ်တာ။

နောက်တချက်ကတော့ ပြည်တွင်းစစ်ပေါ့။ အထူးသဖြင့် ကချင်ပြည်နယ်မှာဖြစ်နေတဲ့ စစ်ပွဲတွေကို အမြန်ဆုံးရပ်စေချင်တာပေါ့။ အဲဒါကြောင့်မို့လို့ ဦးဇင်းတို့က Peace movement ငြိမ်းချမ်းရေးလှုပ်ရှားမှု၊ ပြည်တွင်းစစ်ရပ်စဲရေးဆိုတဲ့ပုံစံမျိုးနဲ့ ဦးဇင်းတို့က လုပ်ထားတာပါ။"

ဆန္ဒပြကိုယ်တော် ၅ ပါးဟာ မန္တလေးမဟာမြတ်မုနိ ဘုရားကြီးဝင်းအတွင်းက မဟာဗုဒ္ဓဝင်ပြတိုက်အပေါ်ကနေ သူတို့လိုလားချက်တွေကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာနဲ့ ပိတ်စတွေပေါ်မှာရေးဆွဲထားသလို အဲဒီကနေ လာရောက်ကြည့်ရှုအားပေးတဲ့လူထုနဲ့ သံဃာကိုလည်း အသံချဲ့စက်နဲ့ သူတို့လိုလားချက်တွေကိုဟော ပြောခဲ့ပါတယ်။ သံဃာ့မဟာနာယကအဖွဲ့ ဆရာတော်တွေလာရောက်ညှိနှိုင်းပြီးနောက် မစိုးရိမ်တိုက်ဟောင်းဘက်ကို သူတို့ရွှေ့ သွားခဲ့ပါတယ်။ အဲဒီမှာ လိုလားချက်တွေကို ဆက်ပြီး ဟောပြောသွားလိမ့်မယ်လို့ သိရပါတယ်။

နိုင်ငံရေးအကျဉ်းသားလွှတ်ရေးအပါအဝင် နိုင်ငံရေးလိုလားချက်တွေအတွက် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အာဏာပိုင်တွေ ညှိနှိုင်းဆွေးနွေးမှုတွေ လတ်တလောရှိနေသလို အပြောင်းအလဲအချို့လည်း မြင်နေရချိန်မို့လို့ အခုလို ဆန္ဒပြမှုမျိုးကြောင့် ပြုပြင်ပြောင်းလဲရေးတွေနှောင့်နှေးသွားမလား စိုးရိမ်သူတွေလည်းရှိပါတယ်။

သံဃာ့တပ်ပေါင်းစု ပြည်ပတာဝန်ခံ အရှင်ပညာဇောတကတော့ သံဃာတွေတောင်းဆိုတဲ့ဒီအချက် (၃) ချက်ဟာအခြားပြည်တွင်းပြည်ပလိုလားချက်တွေနဲ့ တညီတည်းဖြစ်တာမို့ လက်ရှိ ဆွေးနွေးမှုတွေ အပြောင်းအလဲတွေအပေါ်မှာ ထိခိုက်စရာမရှိဘူးလို့ မြင်ပါတယ်။

"နှောင့်နှေးစရာ မဖြစ်ပါဘူး။ ဘာကြောင့်လဲလို့ ဆိုလို့ရှိရင် ဒေါ်အောင်ဆန်းစုကြည်က ပြောနေတာကလည်းပဲ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စတွေပြောတယ်၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးကိစ္စတွေ ပြောတယ်။

နအဖကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်လုပ်ပါမယ်၊ နိုင်ငံရေးအကျဉ်းသားတွေလည်း လွှတ်ပေးပါမယ်ဆိုပြီးတော့ မြန်မာပြည်သူပြည်သားတွေကိုလည်းပဲ ပြောတာရှိသလို နိုင်ငံပေါင်းစုံကို ကုလသမဂ္ဂအဖွဲ့အစည်းကြီးအပါအဝင် အမေရိကန်၊ ဉရောပစတဲ့ နိုင်ငံတွေကိုလည်းပဲ ပြောနေတာတွေရှိပါတယ်။ ဆိုတော့-ရဟန်း၊ သံဃာတွေ အခုတောင်းတာကလည်းပဲ ဒါပဲ ဖြစ်တဲ့အတွက်ကြောင့် ဒီအပေါ်မှာ ကြန့်ကြာမှုတွေ ဘာမှဖြစ်စရာအကြောင်းမရှိပါဘူး။ ပြောတဲ့အဓိပ္ပါယ်ချင်းဟာ အတူတူပဲဖြစ်ပါတယ်။ ကွဲလွဲချက်မရှိပါဘူး"

အမေရိကန်နိုင်ငံခြားရေးဌာနကတော့ အခု အဖြစ်အပျက်နဲ့ပတ်သက်လို့ အသေးစိတ်သိရှိနိုင်အောင် ကြိုးပမ်းနေဆဲဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်နိုင်ရေးကို အမေရိကန်ပြည်ထောင်စုအနေနဲ့ ဆက်ကြိုးပမ်းသွားမယ်လို့ နိုင်ငံခြားရေးဌာန အရာရှိတဦးက ဗွီအိုအေကို ပြောပါတယ်။

"မြန်မာလူထုအနေနဲ့ မြန်မာပြည်ရဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ အပြည့်အဝပါဝင်ခွင့်ရတာကို မြင်လိုပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဒီထက်ပိုလုပ်စရာတွေ ကျန်နေသေးပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေရှိနေတဲ့ကိစ္စအပါအဝင် လူ့အခွင့်အရေးအခြေအနေတွေ အတွက် စိုးရိမ်မိပါတယ်။ ထောင်ထဲမှာရှိနေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေအတွက်စိုးရိမ်ပါတယ်။ ဒီ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးဖို့ မြန်မာအစိုးရကို ဆက်လက်တောင်းဆိုနေပါတယ်။" နိုင်ငံရေးအကျဉ်းသားတွေ တနည်း ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူအချို့ ဒီရက်ပိုင်းအတွင်းပြန်လွှတ်လာနိုင်တယ်လို့ မြန်မာနိုင်ငံထဲမှာ သတင်းတွေကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေပါတယ်။

ဒါပေမယ့် အစိုးရသစ်ဖြစ်ပြီးကတည်းက သတင်းတွေထွက်သလို မြန်မြန်ဆန်ဆန်လွှတ်မလာကြတာ၊ ပြီးခဲ့တဲ့အခေါက် အစိုးရကလွတ်ငြိမ်းချမ်းသာခွင့်ပေးတော့လည်း နိုင်ငံရေးအကျဉ်းသားတွေမျှော်လင့်သလောက်မပါတာ၊ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေ မရှိဘူးဆိုပြီး အာဏာပိုင်တွေဘက်က ငြင်းဆန်ပြောတာတွေကြောင့် အတိုက်အခံလှုပ်ရှားသူတွေဘက်က လက်ရှိအပြောင်း အလဲတွေ အပေါ် သံသယရှိနေတုန်းပဲလို့ ပြောရမှာပါ။




## သတင်းပြက္ခဒိန်

**နိုဝင်ဘာ ၁၀ I EKKLESIA, Australia II** II မြန်မာတွင် ဖမ်းဆီးထားသော ချင်းများအပါအဝင် နိုင်ငံရေးအကျဉ်းကျအားလုံးအားလွှတ်ပေးရန် လူ့အခွင့်အရေးလှုပ်ရှားသူများမှ တောင်းဆို၏။

**နိုဝင်ဘာ ၁၁ I Irrawaddy II** II ကချင် KIA နှင့် အခြားတိုင်းရင်းသူပုန်များသည် မန္တလေး မြစ်ကြီးနားရထားလမ်းတံတားအား စစ်လက်နက်ပစ္စည်းရိက္ခာများ မပို့စေရန် တစိတ်တဒေသ ဖုံးခွဲဖျက်ဆီးခဲ့၏။

**နိုဝင်ဘာ ၁၁ I DVB II** II KIA အား တိုက်ခိုက်ရန် ပြင်ဆင်မှုအနေဖြင့် မြန်မာတပ်များသည် ရွာတွင် သူပုန်တဦးမှမရှိကြောင်း ပြောနေသည့်ကြားမှ ထိုရွာရှိ အိမ် ၅၀ ခန့်အား မီးရှို့ပြာချခဲ့ကြောင်း၊ ထို့ကြောင်း အနီးနေရွာသူရွာသားများအား လွတ်ရာသို့ ပြေးကြရန် KIA မှ သတိပေးနေကြောင်း။

**နိုဝင်ဘာ ၁၁ I DVB II** II သားသမီး ကလေးပျောက်ဆုံးမှုများအား သေချာစွာမရှာသော ရဲများအားအရေးယူမည်ဟု ရန်ကုန်တိုင်းဝန်ကြီးဦးဖြင့်ဆွေမှ ဆို၏။

**နိုဝင်ဘာ၁၂ I Forte Wayne II** II ရှေးဦးတုန့်ပြန်ဝန်ထမ်းများ( ရဲ၊ မီးသတ်၊ သူနာပြု၊ အသက်ကယ်)အတွက် မြန်မာစကားသင်တန်း ဤမြို့တွင် စတင်ပို့ချ၏။

**နိုဝင်ဘာ ၁၃ I ScandAsia.com II** II နော်ဝေအမတ် Erik Solheim သည် မြန်မာတွင် ဦးသိန်းစိန်နှင့်၄င်း ဒေါ်အောင်ဆန်းစုကြည်နှင့်၄င်း သီးခြားစီတွေ့ဆုံခဲ့၏။

**နိုဝင်ဘာ ၁၃ I Rtrs II** II မြစ်ကြီးနားတွင် နိုဝင်ဘာ ၁၁ နေ့က ဗုံးပေါက်ကွဲ၍ လူအနည်းဆုံး ၁၀ သေဆုံး ၂၇ ဦး ဒဏ်ရာရခဲ့ကြောင်း၊ ဗုံးတလုံးအား အာဏာပိုင်များမှ အန္တရာယ်ကင်းစွာစနက် ဖြုတ်နိုင်ခဲ့ကြောင်း။

**နိုဝင်ဘာ၁၃ I AP II** II နိုင်ငံရေးအကျဉ်းသားများအား လွှတ်ရန် သို့မဟုတ် အနည်းဆုံး မိသားစုနီးထောင်များသို့ ရွှေ့ရန် လှုပ်ရှားမှုအဖွဲ့များမှ တောင်းဆို၏။

**နိုဝင်ဘာ ၁၄ I Rtrs II** II နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ရန်နှင့် ပြည်တွင်း အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန် မိမိလွှတ်မြောက်သည့် တနှစ်ပြည့်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်မှ တိုက်တွန်း၏

**နိုဝင်ဘာ ၁၄ I AFP II** II နိုင်ငံရေးအကျဉ်းသားများ နောက်တသုတ်လွှတ်ရန် ယနေ့ရုတ်တရက် ရက်ရွှေ့လိုက်ကြောင်း။ ဦးသိန်းစိန် ဘာလီသို့မသွားမီ လွှတ်မည်ဟု လူအများက ထင်နေခဲ့၏။

**နိုဝင်ဘာ ၁၄ I UPI II** II ကျန်နေသော နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ရန် ဦးသိန်းစိန်ထံသို့မြန်မာလူ့အခွင့်အရေးကော်မရှင်မှ အိပ်ဖွင့်စာဖြင့် တောင်းဆို၏။

**နိုဝင်ဘာ ၁၄ I Rtrs II** II မိမိတို့သည် Ital Thai နှင့်တွဲဖက်၍ ထားဝယ်တွင် မီးသွေးသုံး လျှပ်စစ်အားပေးစက်များတည်မည်ဟု ထိုင်းမှ Ratchburi Electricity Generating Holding မှဆို၏။

**နိုဝင်ဘာ ၁၄ I RGN, IRIN II** II မန္တလေး မကွေးနှင့် စစ်ကိုင်းတိုင်း မိုးခေါင်ရေရှားဒေသတွင် အချိန်မှီအရေးမယူလျှင် မန္တလေးနှင့်မကွေးတိုင်းတို့တွင် ဆန်စပါး စိုက်ပျိုးလယ်များသည် သုံးမရဖြစ်နိုင်ကြောင်း Renewable Energy Association Myanmar ပြည်တွင်း အင်ဂျီအိုမှ အတွင်းရေးမှူးဦးအောင်မြင့်မှဆို၏။

**နိုဝင်ဘာ ၁၄ I CBC, Canada II** II အများဆုံးကရင်များဖြစ်သည့် မြန်မာမှ ခိုလှုံသူများ၏ ကြိုးပမ်းမှုများသည် အသီးပွင့်ဖြစ်လာနေ၏။

**နိုဝင်ဘာ ၁၄ I WTN Post II** II မြန်မာအစိုးရသည် ချေလှမ်းမှန်များလုပ်နေသော်လည်း ဆက်လက်၍ များစွာလုပ်ရန်လိုသေးကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ သူ၏ကိုယ်ပိုင်အမြင်ကို ထုတ်ဖေါ်ပြောဆို၏။

**နိုဝင်ဘာ ၁၄ I Irrawaddy II** II မြန်မာအား ပိတ်ဆို့ထားမှုများသည် အစိုးရအပေါ်မူတည်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**နိုဝင်ဘာ၁၄ I Irrawaddy II** II ပါတီမှတ်ပုံတင်ရန် ဒေါ်အောင်ဆန်းစုကြည်၏ဆုံးဖြတ်ချက် လမ်းစဉ်အတိုင်း ခိုင်မာစွာလိုက်နာမည်၊ တဖက်တွင် စစ်တပ်၏ဖွဲ့စည်းအုပ်ချုပ်ပုံအောက် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ရန် စောနေသေးသည်ဟု ထင်ကြောင်း ဦးဝင်းတင်(၈၂နှစ်) မှဆို၏။

**နိုဝင်ဘာ၁၄ I Irrawaddy II** II အာဆီယံဆွေးနွေးပွဲတွင် မြန်မာ၏ လူ့အခွင့်အရေး ဖေါက်ဖျက်မှုများကိုပါ ထည့်သွင်းဆွေးနွေးရန် အာဆီယံပါလီမန်အမတ်များအဖွဲ့ AIPMC မှတောင်းဆို၏။

**နိုဝင်ဘာ၁၄ I Mizzima II** II မြန်မာ၏ တရားစီရင်ရေးသည် မဖြောင့်မတ်၊ မမျှတကြောင်း၊ ရန်ကုန်ကွန်ဖရင့်တွင် ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**နိုဝင်ဘာ ၁၄ I Mizzima II** II မွန်ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ ငါးဖွဲ့သည် မွန်ပြည်သစ်ပါတီ NMSP ဌာနချုပ်သို့ နိုဝင်ဘာ ၁၂ တွင် ရောက်လာ၏။

**နိုဝင်ဘာ ၁၄ I Book Review II** II ဒေါ်အောင်ဆန်းစုကြည်အကြောင်း The Lady and the Peacock စာအုပ်သစ်ထွက်လာ၏။

**နိုဝင်ဘာ ၁၄ I DVB II** II ဘယ်သူအသိအမှတ်ပြုပြု မပြုပြု ၁၉၀၀ ရွေးကောက်ပွဲရလဒ်သည် ဘာမားဂဇက် (မြန်မာနိုင်ငံပြန်တမ်း) တွင်ပါပြီးလည်းဖြစ်၊ သမိုင်းတွင်လည်း မှတ်ပုံတင်ပြီးဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ သတင်းစာရှင်းလင်းပွဲတွင်ဆို၏။

**နိုဝင်ဘာ ၁၅ I WTN Post II** II နိုင်ငံရေးအကျဉ်းသမားများအား လွှတ်ရန် သံဃာများသည် မိမိကိုယ်မိမိ မဟာမြတ်မုနိဘုရားတွင် တံခါးပိတ်၍ မန္တလေးတွင် ရှားပါးစွာ ဆန္ဒပြပွဲကျင်းပ၏။

**နိုဝင်ဘာ ၁၅ I UPI II** II ယခုနှစ်ဦးပိုင်းအထိ စစ်အစိုးရအောက်မြန်မာ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် ဒေါ်အောင်ဆန်းစုကြည်မှ သတိကြီးစွာဖြင့် ကြိုဆို၏။

**နိုဝင်ဘာ ၁၅ I Mizzima II** II ဗုံးကွဲ၍ လူ ၁၀ သေဆုံး ၂၇ ဦး ဒဏ်ရာရမှုတွင် မိဘမဲ့ဂေဟာပိုင်ဆိုင်သူ Dayaung Tangoon (၄၈နှစ်) အားဖမ်းဆီးထားကြောင်း၊

**နိုဝင်ဘာ ၁၆ I InterAksyon II** II မြန်မာအား လာမည့်အဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်ပေးရေး နံနက်ဖန်အတည်ပြုရန် အစီအစဉ်ကို အမေရိကန်နှင့်လေ့လာသူနှင့် လှုပ်ရှားသူများမှ ပစ်တင်ဝေဖန်၏။

**နိုဝင်ဘာ ၁၆ I AsiaOne II** II မိမိ၏ ပထမဦးဆုံး မြန်မာခရီးစဉ်တွင် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးတာဝန်ခံ ဗြိတိန်ဝန်ကြီး Andrew Mitchellသည် မြန်မာအစိုးရအား နိုင်ငံရေးအကျဉ်းသားအားလုံးအား လွှတ်ပေးရန်ထပ်မံတောင်းဆို၏။

**စာမျက်နှာ ၁၃ သို့**

# ၉၀ ရွေးကောက်ပွဲရလဒ်အပေါ် အခြေခံဖွဲ့ထားသည့် CRPP ရပ်တည်ရေးမရေရာ

**Mizzima । နိုဝင်ဘာ ၁၇ ॥** ॥ ကြားဖြတ်ရွေးကောက်ပွဲ နီးလာချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားများအကြား ပူးပေါင်းဆောင်ရွက်ရန် ၁၉၉၀ ရွေးကောက်ပွဲရလဒ်အပေါ် အခြေခံဖွဲ့စည်းထားသည့် လွှတ်တော်ကိုယ်စားပြု ကော်မတီ-CRPP ဆက်လက်ရပ်တည်ရေးမှာ မရေမရာဖြစ်နေကြောင်း အဖွဲ့ဝင်တိုင်းရင်းသားပါတီခေါင်းဆောင်များက ပြောသည်။

CRPP ကို နိုင်ငံရေးအရ ဦးဆောင်နေသည့် NLD ပါတီက နိုဝင်ဘာ ၁၈ ရက်နေ့တွင် ပါတီမှတ်ပုံ ပြန်တင်မည်ဟု ဆုံးဖြတ်ပါက "CRPP ရဲ့ အနေအထားကလည်း ပုံစံပြောင်းရမယ့် သဘောရှိတယ်။" ဟု CRPP အဖွဲ့ဝင်တခုဖြစ်သော မွန်အမျိုးသားဒီမိုကရေစီအဖွဲ့မှ ဦးနိုင်ငွေသိန်းက ပြောသည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ အမတ်များဖြင့် လွှတ်တော်ခေါ်ယူနိုင်ရေးဟူသော ရည်ရွယ်ချက်နှင့် NLDနှင့် ရှမ်း၊ မွန်၊ ရခိုင်၊ ဇိုမီး၊ ကိုးကန့် တိုင်းရင်းသားပါတီများ၊ တသီးပုဂ္ဂလအမတ်များဖြင့် CRPP ကို ၁၉၉၈ ခု စက်တင်ဘာတွင် ဖွဲ့စည်း ခဲ့သည်။

ဇိုမီး အမျိုးသားကွန်ကရက်ပါတီ ဥက္ကဋ္ဌ ဦးပူကျင့်ရှင်းထန်က CRPP ကို "တခြားသင့်တော်တဲ့ နာမည်ယူပြီးတော့ ပြောင်းရင် ပြောင်းမယ်၊ဒီမဟာမိတ်အဖွဲ့တွေတော့ဆက်ပြီးတော့သွားမှာပါ။"ဟုဆိုသည်။

နိုဝင်ဘာ ၁၅ ရက်နေ့က NLD အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးနိုင်ငွေသိန်း၊ ဦးပူကျင့်ရှင်းထန်၊ ရှမ်း SNLD မှ ဦးစိုင်းရွှေကြူး၊ ရခိုင်ပါတီမှ ဦးအေးသာအောင်၊ CRPP အဖွဲ့ဝင် တသီးပုဂ္ဂလ ဦးသိန်းဖေနှင့် အမျိုးသားဒီမိုကရေစီ ပါတီမှ ဦးစိုးဝင်းတို့ တွေ့ဆုံကြစဉ်ကလည်း CRPP သက်တမ်း ၁၃ နှစ် ကျော် အတွင်းမပြီးသေးသည့်လုပ်ငန်းများကို ဆက်လက်လက်တွဲကြိုးစားသွားရန် သဘောထားပေးကြသည်။

"မှတ်ပုံတင်တဲ့ပါတီ ရှိကောင်းရှိမယ်၊ နောက်ကျမှတင်တဲ့ ပါတီလည်းရှိမယ်။ မတင်တဲ့ ပါတီတွေလည်းရှိမယ်။

နိုင်ငံရေး ရည်မှန်းချက်က အတူတူပဲလေ။ ပြည်တွင်းစစ်ရပ်ဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ဖို့၊ စစ်မှန်တဲ့ပြည်ထောင်စုဖော်ဆောင်ဖို့၊ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ရေးဆိုတာ တူတယ်။" ဟု ဦးအေးသာအောင်က ပြောသည်။ CRPP ကို အမည်အသစ်ဖြင့် ပြန်လည်စုဖွဲ့မှုတခု လုပ်ရတော့မည်ကို တိုင်းရင်းသားခေါင်းဆောင်များက တညီတည်း သဘောတူကြသော်လည်း တိကျသည့်အဖြေကိုမူ ပြောဆိုနိုင်ခြင်း မရှိသေးဘဲ ဖြစ်နေကြသည်။

ကိုးကန့်ပါတီက မပါတော့သဖြင့် တိုင်းရင်းသားသီးသန့် ပါတီ ၁၁ ဖွဲ့သာ ကျန်တော့သည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီများ မဟာမိတ်အဖွဲ့ United Nationalities Alliance (UNA) နှင့် NLD ပူးပေါင်းလုပ်ရှားနိုင်မည့် နည်းလမ်းကို ရှာဖွေရန်ဦးနိုင်ငွေသိန်းက စိတ်ကူးရှိနေသည်။ UNA ၌ CRPP အဖွဲ့ဝင်ပါတီလေးခု ပါဝင်သည်။

"UNA နဲ့ NLD ပူးပေါင်းဆောင်ရွက်ဖို့ ဘယ်လိုပုံစံနဲ့ သွားမလဲဆိုတာ ကျနော်တို့ ပြန်ကြည့်ရမယ်လို့။ CRPP ကလည်း အခြေအနေ မပေးတော့ဘူးဖြစ်သွားရင် အဲဒါ ပြန်ပူးပေါင်းဖွဲ့စည်းရေးပေါ့။စဉ်းစားထားတာ။" ဟု ဦးနိုင်ငွေသိန်းက ပြောသည်။

UNA ကို ၁၉၉၀ ခုတွင် ဒုတိယ မဲအများဆုံးရသည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် SNLD က ဦးဆောင်ခဲ့သည်။သို့သော် ပါတီ ဥက္ကဋ္ဌခွန်ထွန်းဦးနှင့် အတွင်းရေးမှူးစိုင်းညွန့်လွင်တို့အကျဉ်း ကျနေရာမှ ပြန်လွတ်လာမှသာ SNLD က မှတ်ပုံပြန်တင်၊ မတင် ဆွေးနွေးမှာဖြစ်သည်။

ဦးပူကျင့်ရှင်းထန်ကမူ "UNA က ဒီခေါင်းဆောင်တွေ မရှိဘဲနဲ့၊ သူတို့ လိုအင်ဆန္ဒကို မသိဘဲနဲ့ ကျန်တဲ့ လူတွေကို ပြောဖို့က မသင့်တော်သေးဘူးထင်လို့။ အစိုးရတာဝန်ရှိ လူတွေရဲ့ စကားအရဆိုနှစ်မကုန်ခင် လွတ်မယ့် သဘောရှိနေတယ်။" ဟု ပြောသည်။

UNA ပါတီဝင်များမှာ ကျန်ပါတီများမှာ ၁၉၉၂ ခုနှစ်တွင် မှတ်ပုံတင်ပြန်ရုပ်သိမ်းခြင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက် ပွဲအတွက် ပါတီမှတ်ပုံ ပြန်မတင်ခြင်းတို့ကြောင့် တရားမဝင်ဘဲဖြစ်နေသည်။

တိုင်းရင်းသားပါတီ အားလုံးသည် ပါတီမှတ်ပုံမတင်ထားသဖြင့် နိုင်ငံရေးလုပ်ငန်းများကို တရားဝင်လှုပ်ရှားနိုင်ရေးအတွက် အခက်အခဲဖြစ်နေသဖြင့် ပါတီကြီးများဖြစ်သည့် NLD နှင့် SNLD တို့၏ အခြေအနေကို စောင့်ကြည့်နေကြကြောင်း ဦးပူကျင့်ရှင်းထန်က ပြောသည်။ ထို့ပြင် ရွေးကောက်ပွဲဥပဒေအရ မှတ်ပုံတင်ပါက အနည်းဆုံးသုံးနေရာ ဝင်ပြိုင်ရမည်ဖြစ်သော်လည်း လစ်လပ်နေရာ ၄၈ နေရာတွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များမပါဝင်သဖြင့် ဇိုမီးပါတီနှင့်ရခိုင်ပါတီတို့ အခက်တွေ့နေကြောင်း သူက ဆိုသည်။

---

# ကာလိုအဖွဲ့အမိန့်ကြောင့် ဆိုင်းငံ့ထားရ

**RFA । နိုဝင်ဘာ ၁၄ ॥** ॥ နိုဝင်ဘာ ၁၄ ရက် မနေ့က နိုင်ငံရေးအကျဉ်းသားတွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ရှိပေမယ့်အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီရဲ့နောက်ဆုံးအချိန်မှာရောက်လာတဲ့ညွှန်ကြားချက်ကြောင့် ဆိုင်းငံ့ခဲ့ရတယ်လို့ အမည်မဖော်လိုတဲ့ အစိုးရအရာရှိတဦးကို ကိုးကားပြီး ရန်ကုန်ကလာတဲ့ AFP သတင်းတရပ်မှာ ရေးသားဖော်ပြလိုက်ပါတယ်။

လောလောဆယ်အထိတော့ အကျဉ်းသားတွေ လွှတ်ပေးရေးနဲ့ ပတ်သက်လို့ ကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီထံက ဘာညွှန်ကြားချက်မှ ရောက်မလာသေးဘူးလို့ သူက ပြောပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေကို သမ္မတရဲ့ လွတ်ငြိမ်းခွင့်အမိန့်နဲ့ ဖြေးဖြေးချင်း လွှတ်ပေးချင်တာကြောင့် အခုလို ဆိုင်းငံ့ထားလိုက်တာ ဖြစ်ပုံရတယ်လို့လည်း အဲဒီအရာရှိက ပြောကြောင်း၊ အာဏာပိုင်တွေအနေနဲ့ သမ္မတဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံကို သွားရောက်ပြီး အာဆီယံထိပ်သီး ညီလာခံမတက်ရောက်ခင် အချိန်အထိ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ကိစ္စကို ဆိုင်းငံ့ထားဖွယ်ရှိကြောင်း သတင်းမှာ ဆက်လက်ဖော်ပြထားပါတယ်။



# သတင်းတိုထွာဖတ်စရာ

## တိုကျိုမြို့က စာပေဟောပြောပွဲ

အမျိုးသားနေ့အောင်ပွဲအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စာပေဟောပြောပွဲတရပ် နိုဝင်ဘာ ၂၀ ရက်နေ့က ကျင်းပခဲ့ပါတယ်။ ဒီပွဲမှာ မြန်မာနိုင်ငံမှရောက်ရှိလာတဲ့ စာပေပညာရှင်များဖြစ်တဲ့ ဆရာဦးချစ်ဦးညို၊ ဆရာမောင်စိန်ဝင်း(ပုတီကုန်း)နဲ့ ဆရာမဒေါ်နုနုရည်(အင်းဝ)တို့မှ အမျိုးသားနေ့ဆိုင်ရာ သိမှတ်စရာများကို အကျယ်တဝင့် ဟောပြောခဲ့ကြတယ်လို့ဆိုပါတယ်။ဂျပန်နိုင်ငံရှိ စာပေမြတ်နိုးသူများမှ စီစဉ်ဆောင်ရွက်ပြီး မြန်မာညွှေ့ပရိသတ် ၅၀၀ ကျော်တက်ရောက်နားထောင်ခဲ့ပါတယ်။ (VOB-20,Nov-2011)

## သံဃာတော်များ ဆန္ဒပြ

အပြောင်းအလဲတွေ ဖြစ်သင့်သလောက် မြန်မြန်ဆန်ဆန်ဖြစ်လာတဲ့အပေါ် မန္တလေးမြို့မှ သံဃာတော်များမကျေနပ်ကြောင်း ဆန္ဒပြခဲ့ကြပါတယ်။ ဒါကို မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုမှ ထောက်ခံလိုက်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ရေးအပေါ်မှာလည်း လက်တွန့်နေတာမျိုး မဖြစ်သင့်တဲ့အကြောင်း၊ အထူးသဖြင့် သံဃာတော်တွေနဲ့ ၈၈ ကျောင်းသားတွေလွှတ်ပေးရေးကို အမြန်ဆုံးဆောင်ရွက်သင့်ကြောင်းလည်း ဆန္ဒပြတဲ့ သံဃာတော်တွေက ပြောတယ်လို့ဆိုပါတယ်။ (VOA- 15 ,Nov-2011)

## မင်းပြားမြို့ ဈေးကြီးမီးလောင်

နိုဝင်ဘာ ၁၂ ရက် ည ၇ နာရီခွဲခန့်၌တွင် မင်းပြားမြို့ မြို့မဈေးကြီးအတွင်းရှိ ဦးကျော်စိန်မောင် ဆိုင်ခန်းစားအုန်းဆီအပူပေးရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ဆိုင်ခန်းပေါင်း ၅၆၇ ခန်းခန့်၌ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် လူသေဆုံးမှုမရှိကြောင်း သတင်းကဆိုပါတယ်။ ည ၁၀ နာရီ ၄၅ မိနစ်ခန့်၌တွင် မီးငြိမ်းသွားခဲ့ကြောင်း ကနဦးသတင်းများကဆိုသော်လည်း အတိအကျမသိရှိနိုင်သေးကြောင်း မီးသတ်ကားမလုံလောက်မှုကြောင့်လို့လည်းဆိုပါတယ်။ (VOB- 15 ,Nov-2011)

## နောက်ဖေးလမ်းကြား ရှင်းပေးပါ

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၈) ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာရှိတိုက် ၁၊ ၂၊ ၃၊ ၄ နောက်ဖေးလမ်းကြားများမှာ အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်နေကြပါတယ်၊ တိုက် ၃ နှင့် ၄ ရှေ့ရှိ ဆိုင်ခန်းများဟာ ပလက်ဖောင်းများပေါ်မှာ ဆိုင်ခန်းများ အခိုင်အမာဆောက်လုပ်ထားတဲ့အပြင် ပလတ်စတစ်အမိုးအကာများ ထပ်၍ပြုလုပ်ဆောက်လုပ်ထားသဖြင့် လမ်းပိတ်ဆို့ခြင်းများဖြစ်ပေါ်နေပါသဖြင့် ရှင်းလင်းပေးပါရန် သက်ဆိုင်ရာသို့ အသိပေးရေးသားလိုက်ပါတယ်။ (VOB- 20 ,Nov-2011)

## မြစ်ကြီးနားမြို့ ဆက်တိုက်ဗုံးပေါက်

အခုတလော ဗုံးတွေဆက်တိုက်ပေါက်ကွဲမှုတွေဖြစ်ပွားနေတဲ့ မြစ်ကြီးနားမြို့မှာ ၁၆ ယောက်နေ့က စီတာပူရပ်ကွက်ရှိ ရောဝတီဖြစ်ကူး ဗလမင်းထင်တံတားအနီးမှာ ဗုံးတလုံးထပ်ပေါက်တယ်လို့ဆိုပါတယ်။ မြို့ခံတချို့ကတော့ အဝေးကနေ မော်တာကျည်နဲ့ပစ်လိုက်တာလို့ ထင်ကြေးပေးကြပါတယ်။ မြို့သူမြို့သားတွေကတော့ ညနေမိုးချုပ်ချိန်မှာ ဘယ်နေရာဗုံးပေါက်မလဲဆိုတာကို စိုးရိမ်စိတ်နဲ့ ထိတ်လန့်နေကြရတယ်လို့ဆိုပါတယ်။ (Mizzima- 15 ,Nov-2011)

## တရုတ်အစိုးရ စိတ်ပျက်ဟုဆို

အမေရိကန်မှ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးမှာ ထဲထဲဝင်ဝင် ပါဝင်ကြိုးပမ်းလာခြင်းအပေါ် တရုတ်အစိုးရအနေဖြင့် အပြုသဘောဆောင်ကြိုဆိုသင့်တယ်လို့ အမေရိကန်အစိုးရအရာရှိတွေကပြောဆိုပါတယ်။ တချိန်ထဲမှာပင်မစ္စကလင်တန်ကို မြန်မာနိုင်ငံကို စေလွှတ်မှာဖြစ်ကြောင်း သမတအိုဘားမားက ပြောဆိုပါတယ်။ အခုလို တရုတ်အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ အမေရိကန်မှဩဇာလွှမ်းမိုးလာမှုကို တရုတ်အစိုးရအနေဖြင့် စိတ်မသက်မသာဖြစ်နေရတယ်လို့ ဝေဖန်သူတွေက သုံးသပ်ပါတယ်။ (Reuters- 20 ,Nov-2011)

## ပြည်သူ့ဆန္ဒ အဓိကဟု သမတပြော

ဒေါ်အောင်ဆန်းစုကြည်၏နေရာသည် ပြည်သူ့၏ဆန္ဒသဘောထားအတိုင်းဖြစ်လာနိုင်ကြောင်း သမတဦးသိန်းစိန်က ဘာလီသတင်းစာရှင်းလင်းပွဲတွင် ပြောဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ရွေးကောက်ပွဲဝင်၊ ပြည်သူက ရွေးချယ်၊ လွှတ်တော်ထဲရောက်လာမယ်၊ လွှတ်တော်ကတင်မြှောက်ရင် ဖြစ်လာမယ်လို့ဆိုပါတယ်။ ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီဖြစ်ရမယ်လို့ သမတဦးသိန်းစိန်က သတင်းအမေးကို ပြောဆိုခဲ့ပါတယ်။ (VOB- 18 ,Nov-2011)

## အတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသွားမည်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး Mr. Ban Ki-moon သည် ပြုပြင်ပြောင်းလဲရေး တွန်းအားပေးဖို့ မြန်မာနိုင်ငံကို မကြာခင်သွားရောက်မယ်လို့ ပြောဆိုလိုက်ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ကို မကြာခင် မြန်မာနိုင်ငံကို စေလွှတ်မယ်လို့ သမတ Barack Obama က အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်စဉ်ပြောဆိုလိုက်ပြီးတဲ့နောက် အခုလို မြန်မာနိုင်ငံသွားဖို့ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ (AFP- 20 ,Nov-2011)

## လူ့အခွင့်အရေးချိုးဖောက်မှုက ဆက်ရှိနေဆဲ

မြန်မာကို အာဆီယံဥက္ကဋ္ဌတာဝန်ပေးလိုက်ခြင်းဟာ အာဆီယံနိုင်ငံများအနေနဲ့ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေ အမှန်တကယ်တိုးတက်ဖြစ်ထွန်းလာကြောင်း သက်သေပြလိုက်ဖြစ်နိုင်တယ်လို့ အီးယူသမဂ္ဂမှ ပြောဆိုပါတယ်။ ဘာလီကျွန်းမှာ ကျင်းပနေတဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှ မြန်မာကို အာဆီယံဥက္ကဋ္ဌရာထူးပေးဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ နိုင်ငံရေးအခြေအနေတိုးတက်ဖြစ်ထွန်းနေပေမယ့် မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုက ဆက်ရှိနေဆဲပဲလို့ သမတ Barack Obama က သြစတြေးလျားရောက်စဉ် ထပ်မံပြောဆိုလိုက်ပါတယ်။ (Reuters- 18 ,Nov-2011)

# နိုင်ငံရေး အကျဉ်းသားတချို့ မိသားစုနှင့် နီးရာ ထောင်များသို့ ပြောင်းရွှေ့ပေး

**VOA | နိုဝင်ဘာ ၁၆ ။** ။ မြန်မာနိုင်ငံထဲက နိုင်ငံရေးအကျဉ်းသားတချို့ကို ဝေးလံခေါင်သီတဲ့ ထောင်တွေကနေ မိသားစုနဲ့ နီးရာ ဒေသတွေမှာ ရှိတဲ့ အကျဉ်းထောင်တွေကို စတင် ပြောင်းရွှေ့နေပါတယ်။ နိုင်ငံရေး အကျဉ်းသားများနဲ့ပတ်သက်တဲ့ မိသားစုဝင်တွေ သက်ဆိုင်ရာ ပါတီအဖွဲ့ အစည်းတွေနဲ့အတူ အကျဉ်းဦးစီးဌာနက တာဝန်ရှိသူတချို့လည်း နိုင်ငံရေးအကျဉ်းသားများထောင်ပြောင်းတဲ့ ကိစ္စနဲ့ပတ်သက်လို့ ပြောပြထားပါတယ်။ အပြည့်အစုံကိုတော့ မသင်းသီရိက တင်ပြပေးထားပါတယ်။

သရက်ထောင်မှာ အကျဉ်းကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသူ မနီလာသိန်းကို မိသားစုနဲ့နီးတဲ့သာယာဝတီထောင်ကို ဒီကနေ့ရွှေ့လိုက်ပါတယ်။ အာဏာပိုင်တွေက မိသားစုဆီကို တရားဝင်အကြောင်းကြားတာမဟုတ်ပေမယ့် ထောင်ပြောင်း ထောင်ရွှေ့တွေ ဒီရက်ပိုင်း အတွင်း ဖြစ်လာနိုင်တယ်ဆိုလို့ စုံစမ်းမေးမြန်းရာကနေ မနီလာသိန်းဟာ ဒီကနေ့ မနက် ၁၀ နာရီက သာယာဝတီထောင်ကို ရောက်နေပြီလို့ မနီလာသိန်းရဲ့ ခင်ပွန်းဖြစ်တဲ့ ကိုဂျင်မီ ခေါ် ကိုကျော်မင်းယုရဲ့အကို ကိုမျိုးမင်းယုက ပြောပါတယ်။

"ဖုန်းဆက် လှမ်းမေးလိုက်တော့ သူတို့ကလည်း ရောက်ရှိကြောင်း အတည်ပြုပါတယ်။ ဒီနေ့မနက် ၁၀ နာရီလောက်ရောက်တယ် ပြောပါတယ်။ ဟုတ်တဲ့အကြောင်း အတည်ပြုတဲ့အတွက် လာတွေ့ချင်ရင် တွေ့လို့ ရပါပြီတဲ့။ ကျနော်တို့ မနက်ဖြန်သွားတွေ့ဖို့ စီစဉ်နေပါတယ်။ နီးသွားတာပေါ့။ ကျနော်တို့ ဒီကသွားရင် ၂ နာရီလောက်ပဲ ကြာတယ်လေ။ သရက်တုန်းကကျတော့ ကျနော်တို့က ညကားသွား၊ မနက်ရောက်။ ည ၇ နာနရီလောက်သွား၊ ဟိုကို မနက် ၄ နာရီ၊ ၅ နာရီရောက်။ နဲနဲ ကသီလင်တ နိုင်တာပေါ့ဗျာ သရက်ကတော့။ ဒီမှာ သာယာဝတီကတော့ ဒီကသွားရင် ၂ နာရီပဲ ကြာတာကို။ နဲနဲတော့ တော်သွားသေးတာပေါ့။"

မနီလာသိန်းရဲ့ ခင်ပွန်းဖြစ်တဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဂျင်မီဟာလည်း တောင်ကြီး ထောင်မှာ နစ်ရှည်အကျဉ်းချခံထားရတာ ဖြစ်ပေမယ့် ကိုဂျင်မီနဲ့ပတ်သက်လို့တော့ ဒီနေ့ထိအပြောင်းအရွှေ့ သတင်းမသိရသေးဘူးလို့ အကိုဖြစ်တဲ့ ကိုမျိုးမင်းယုက ပြောပါတယ်။

တခါ SNLD ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ဥက္ကဌခွန်ထွန်းဦးကိုလည်း ဒီကနေ့ နေ့လည်က ပူတာအိုလေယဉ်ကွင်းကနေခေါ်ဆောင်သွားပြီး သူ့ကို လက်ရှိ ပူတာအိုကနေ တောင်ငူထောင်ကို ရွှေ့ပြောင်းဖို့ဖြစ်တယ်လို့ စုံစမ်းသိရှိရတဲ့အကြောင်း SNLD ပါတီရဲ့ပြောခွင့်ရသူ ဦးစိုင်းလိတ်က ပြောပါတယ်။

"လောလောဆယ်တော့ ဥက္ကဌ ခွန်ထွန်းဦး တယောက်ထဲကိုပဲ ရွှေ့တယ်လို့ကြားရပါတယ်။ ဒီနေ့ နေ့လည် ၁ နာရီ ၃၀ မိနစ် လောက်မှာ ပူတာအိုလေယာဉ်ကွင်းကနေ လှမ်းမြင်လိုက်ရတဲ့ ပုဂ္ဂိုလ်က ကျနော့်ကို လှမ်းဆက်တာပေါ့နော်။ ပူတာအိုထောင်ကနေ ခေါ်ထုတ်လာတာတော့ ဥက္ကဌခွန်ထွန်းဦးတယောက်ထဲဘဲ။ မနက်ကတည်းကလေယာဉ်ကွင်းကို ရောက်နေတယ်။ တစ်နာရီ ၃၅ မိနစ်လောက်မှာ လေယာဉ်ပေါ် ပါသွားတယ်။ ကြားသိရတဲ့ သတင်းအရဆိုရင်တော့ တောင်ငူထောင်ကို ပြောင်းပေးမယ်လို့ပြောတယ်။

လောလောဆယ်တော့ ဒီကနေ့တော့ မြစ်ကြီးနားကိုပဲ ပို့ပြီး၊ မနက်ဖြန်ကျမှ မန္တလေးကိုဆက်ပို့မယ်။ မန္တလေးကနေ တောင်ငူကိုတော့ ဘယ်လိုအခြေအနေ၊ ဘယ်လိုပုံစံနဲ့ ပို့မယ်ဆိုတာတော့ မသိရသေးပါဘူး ခင်ဗျ။"

ဒါပေမယ့် SNLD ပါတီက အတွင်းရေးမှူး စိုင်းညွှန့်လွင်ကလည်း ကလေးထောင်မှာပဲ ရှိနေသေးတယ်လို့ ဦးစိုင်းလိတ်က ပြောပါတယ်။

တခါ ကလေးထောင်မှာ အကျဉ်းကျနေတဲ့ အရှင်ဂမ္ဘီရနဲ့ ဂွမြို့နယ် NLD ပါတီအမတ် ဦးညီပုတို့ ၂ ဦးကိုတော့ ဒီကနေ့ ကလေးကနေ ရန်ကုန်ကိုသွားတဲ့ လေယာဉ် ခရီးသည်စာရင်းမှာ တွေ့ရတယ်လို့ကလေး မြို့ကို ရောက်နေတဲ့ အရှင်ဂမ္ဘီရရဲ့ မိခင် ဒေါ်ရေးကပြောပါတယ်။ အရှင်ဂမ္ဘီရနဲ့ဦးညီပုတို့ ၂ ဦးကို ကလေးကနေ အင်းစိန်ထောင်ကို ရွှေ့မယ်လို့ သိရပြီးတော့ မနက်ဖြန်မှာ အင်းစိန်ထောင်မှာ သွားပြီးတော့ စုံစမ်းမယ်လို့လည်း ပြောပါတယ်။

"သတင်း သိုးသိုးသန့်သန့် ကြားတာလေ။ ပါများ ပါနိုင်မလားဆိုပြီးမှ လေဆိပ်ကိုသွားကြည့်တာ။ ခရီးသည်စာရင်းထဲမှာဦးညီညီလွင်နဲ့ ဦးညီပုတဲ့။ အဲဒီလိုပါတာ။ ဦးညီညီလွင်ဆိုတာက ဦးပဇင်းလူနာမည်လေ။ ဒီ လေဆိပ်ဂိတ်ပေါက်နားမှာ အကျဉ်းဦးစီးဌာနဆိုပြီး ယူနီဖောင်းဝတ်စုံတွေဝတ်ထားတဲ့ ထောင်ဝါဒါတွေပါတဲ့ပစ္စည်းတင်တဲ့ ကားလေး သွားတယ်လို့။ ဟုတ်ဘက် ပေ ၁၅၀ လောက်ဝေးတဲ့ အဲဒီ ဂိတ်ပေါက် ကမှ ဦးပဇင်းတို့ ပါမယ်ထင်တဲ့ ကားလေးတစ်စင်း ဝင်သွားတာတွေ့တယ်။ ဦးပဇင်းကို သွားကြည့်လိုက်စမ်းပါ ဆိုပြီးမှ ရန်ကုန်လေဆိပ်ကို ခိုင်းလိုက်သေးတယ်။ ရန်ကုန်မှာလည်း အဲဒီလိုပဲတဲ့လုံခြုံရေးအပြည့်။ တင်းတင်းကျပ်ကျပ်ပေါ့။ အဲဒါနဲ့ အမေရယ် မတွေ့ခဲ့ရပါဘူးတဲ့။ ရောက်လောက်ပြီ။ မနက်ဖြန်ခါ မခင်သူဌေး သွားစုံစမ်းမှာ။"

အရှင် ဂမ္ဘီရရဲ့မိခင် ဒေါ်ရေး ပြောပြခဲ့တာပါ။ ဒီလိုသတင်းတွေအပြင် ကျိုင်းတုံထောင်မှာ နစ်ရှည်အကျဉ်းကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကတော့ ဒီကနေ့ ညနေထိ ကျိုင်းတုံထောင်မှာပဲ ရှိနေပါသေးတယ်။

အထက်အရာရှိတွေရဲ့ ညွှန်ကြားချက် တစုံတရာ မသိရသေးပေမယ့် ကိုမင်းကိုနိုင်အပါအဝင် နိုင်ငံရေးမှုတွေနဲ့ အကျဉ်းကျနေတဲ့ ကိုမျိုးဟန်၊ ကိုညီညီဇော်၊ မောင်သိန်းဇော်တို့ ၄ ဦးရဲ့ ဆေးမှတ်တမ်းတွေကို အထက်အရာရှိတွေဆီကိုပေးရပြီးတော့ ကိုမင်းကိုနိုင် ထောင်ထဲမှာ ဆွဲတဲ့ ပန်းချီကားတွေကိုလည်း သိမ်းဆည်းထုတ်ပိုးတာတွေ လုပ်နေတာရှိတယ်လို့ ကျိုင်းတုံထောင် အရာရှိတဦးက VOA မြန်မာပိုင်းကို ပြောပါတယ်။

"တရားဝင်ကျနော်တို့ကိုအထက်ကညွှန်ကြားလာတာလဲပဲဒီအချိန်ထိတော့ ဘာမှမရှိသေးဘူးပေါ့နော်။ ဒါပေမယ့် အခုရှိနေတဲ့ အကျဉ်းသား ၄ ယောက်ပေါ့၊ သီးသန့်အကျဉ်းသား ၄ ယောက်ရဲ့ကျန်းမာရေး စစ်ဆေးထားတဲ့၊ ကျန်းမာရေးပြန်တမ်း၊ ကျန်းမာရေးစစ်ဆေးမှု အနှစ်ချုပ်ကို ကျနော့်ဆီမှာတောင်းလို့ ကျနော် ဒီကနေ့ အဲဒါလေးတော့လုပ်ပေးလိုက်ရပါတယ်။ နောက်ပြီးလို့ရှိရင် သူအထဲမှာနေတုန်းကပန်းချီတွေ ဘာတွေ ဆွဲတယ်လေ။ ပန်းချီဆွဲထားတာတွေကို သူ့ရဲ့ ပန်းချီကား

**စာမျက်နှာ ၁၆ သို့**

**ပြကွဒိန်မှ**

**နိုဝင်ဘာ ၁၆ | VOA ॥** ॥ မဲခေါင်အတွက်အရေးပါသော မြန်မာသည် နိုင်ငံရေးလမ်းမှန်တိုးတက်မှု ဆက်လက်ပြလျှင် ဂျပန်သည် အာဆီယံနှင့် မဲခေါင်နယ်မြေသို့ ကူနေသော ODA အနက် မြန်မာသို့ ပိုမိုပေးမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး Kimihiro Ishikane မှ ဆို၏။

**နိုဝင်ဘာ ၁၆ | Palmerston, NZ ॥** ॥ မြန်မာတိုင်းရင်းပြည်နယ်များ၏ရွာများစွာတွင် စစ်ဆင်ရေးများကြောင့် ပြေးနေရပုံများ၊ ဆေးကုသမှုမလုံလောက်ခြင်း၊ မရှိခြင်းများကိုအများသိရှိရန် ဒေသတွင် Partners Relief and Development စသည့်အဖွဲ့ဝင်များမှ မော်တော်ဆိုင်ကယ်စီး လှည့်စီးလှုပ်ရှားမှုပြုလုပ်၏။

**နိုဝင်ဘာ ၁၆ | Irrawaddy ॥** ॥ စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်သန်းရွှေ၏ မြေးသည် ပြင်သစ်သို့ဝင်ခွင့်ရ၍ သွားခဲ့ကြောင်း။

**နိုဝင်ဘာ ၁၆ | Irrawaddy ॥** ॥ ရဟန်းပျိုငါးဦးမှ ဆက်လက်ပြုလုပ်နေသောဘရားများတွင် ငြိမ်းချမ်းစွာဆန္ဒပြပွဲသို့ လူ ၅၀၀ ခန့်အားပေးခြင်း၊ လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ပါဝင်ခဲ့ကြောင်း။

**နိုဝင်ဘာ ၁၆ | DVB ॥** ॥ လယ်ယာမဲ့ တောင်သူလယ်သမားများ၏ ဆန္ဒပြပွဲကို မှတ်တမ်းတင်၍ ကိုမြင့်နိုင်သည် အဖမ်းခံရပြီး အာမခံမရကြောင်း။၏။

**နိုဝင်ဘာ ၁၆ | DVB ॥** ॥ အမျိုးသားဒီမိုကရက်တစ်အင်အားစုပါတီ NDF သည် ရက်မသိသေးသည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် အမတ်နေရာ ၂၀ ရာထားကြောင်း ဥက္ကဋ္ဌဦးခင်မောင်ဆွေမှဆို၏။

**နိုဝင်ဘာ ၁၆ | Nation ॥** ॥ အရွေးချယ်ခံထားရသည်ဟု သမုတ်နေသော မြန်မာအစိုးရသည် ဘိန်းစိုက်မှုတိုးနေခြင်းကို မျက်ကွယ်ပြုထားပြီး၊ ပါလီမန်တွင် မူးယစ်ဆေးဘုရင်များလည်း ပါဝင်လက်ခံထား၏။

**နိုဝင်ဘာ၁၆ | Channel NewsAsia ॥** ॥ မြန်မာအား ၂၀၁၄ တွင် အာဆီအလှည့်ကျဥက္ကဋ္ဌ ပဲ့ကိုင်နေရာပေးရန် အာဆီယံအရာရှိများမှ သဘောတူရန် အာဆီယံသို့ လက်ရှိအလှည့်ကျဥက္ကဋ္ဌအင်ဒိုနီးရှားမှ ယနေ့အာဆီယံအစည်းအဝေး အဆုံးသတ်တွင် အဆိုပြုမည်။

**နိုဝင်ဘာ ၁၆ | Mizzima ॥** ॥နိုင်ငံရေးအကျဉ်းသားများအားလွှတ်ရန် မွန္တလေး မစိုးရိမ်ကျောင်း သံဃာများဆန္ဒပြမှုကို တနာရီကြာမိန့်ခွန်းပေးကာ ရပ်ခဲ့၏။

**နိုဝင်ဘာ ၁၆ | AFP ॥** ॥ နိုင်ငံရေးအကျဉ်းသားများ အနည်းငယ်သာလွှတ်သေးသော မြန်မာသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မဖြစ်သင့်ထိုက်သေးဟု အာဆီယံပါလီမန်အမတ်များအဖွဲ့မှ ဒါရိုက်တာ Agung Putri မှဆို၏။

**နိုဝင်ဘာ ၁၇ | AlertNet ॥** ॥ စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေသော ကချင်တိုင်းရင်းသား ၂၅၀၀ ကျော်သည် အိုးအိမ်မဲ့ စားနပ်ရိက္ခာမဖူလုံဘဲ ဆောင်းရာသီကို ရင်ဆိုင်ရမည်။ ကုလသမဂ္ဂ၊ အီးယူနှင့် အကူအညီအဖွဲ့များသည် လက်လမ်းမမှီကြောင်း၊ ဂျူလိုင်တွင်ဒေါ်လာ ၂ သန်းခွဲကူရန်တောင်းဆိုမှုအပေါ် တုန့်ပြန်မှု ဒေါ်လာ ၄၅၀၀၀ သာရ၍ နည်းလွန်းကြောင်း ကချင်အမျိုးသမီးအဖွဲ့ မှဆို၏။

**နိုဝင်ဘာ ၁၇ | NUSA DUA ॥** ॥ မြန်မာအပေါ်ပိတ်ပင်မှုများလျှော့ပေါ့ ရုတ်သိမ်းရန်ထိုင်းနိုင်ငံခြားရေးဝန်ကြီးမှ အမေရိကန်နှင့်ဥရောပတို့အား တိုက်တွန်း၏။

**နိုဝင်ဘာ ၁၇ | Mail & Guardian ॥** ॥ ၂၀၁၄ အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာကို မြန်မာအား အာဆီယံမှသဘောတူချက်ကို NLD မှ ကြိုဆိုလိုက်၏။

**နိုဝင်ဘာ ၁၇ | BKK-AFP ॥** ॥မြန်မာအပေါ်ကုန်သွယ်ပိတ်ပင်တားဆီးမှုများရပ်ဆိုင်းရန် မြန်မာဝန်ကြီးသည် အာဆီယံအစည်းအဝေးတွင် အနောက်နိုင်ငံများသို့ တောင်းဆို၏။

**နိုဝင်ဘာ၁၇ | Irrawaddy ॥** ॥ မြန်မာစာပေစိစစ်ရေး PSRD သည် တနင်္လာနေ့က ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်း၏ တစိတ်တဒေသကို ထုတ်ပြန်ခွင့်မပြုခဲ့သဖြင့် ပြန်လည်တင်းကျပ်နေကြောင်း။

**နိုဝင်ဘာ ၁၇ | Mizzima ॥** ॥ ကြားဖြတ်ရွေးကောက်ပွဲနီးလာ၍ လွှတ်တော်ကိုယ်စားလှယ်များအား ကိုယ်စားပြုကော်မတီ CRPP ၏ အနာဂတ်သည် ပြောင်းလဲဖွယ်ရှိ၏။

**နိုဝင်ဘာ ၁၇ | AFP ॥** ॥ မြန်မာအား အာဆီယံပဲ့ကိုင်နေရာပေးရန် စောသေးကြောင်း၊ လိုအပ်သောလုပ်စရာများ ဆက်မလုပ်လိုမှုဖြစ်စေနိုင်ကြောင်း အမည်မဖော်လိုသော အမေရိကန်ထိပ်သီးပိုင်းတဦးမှ ဆို၏။ မြန်မာရေးရာဝေဖန်သူများမှလည်း အလားတူဆို၏။

**နိုဝင်ဘာ ၁၈ | Mizzima ॥** ॥ ပြန်ကြားရေးဌာနသည် Nay Pyi Taw Times Journal အမည်ဖြင့် အပတ်စဉ်စာစောင့် နိုဝင်ဘာ ၁၈ သောကြာနေ့တွင် စတင်ထုတ်ဝေလိုက်၏။

**နိုဝင်ဘာ ၁၈ | DVB ॥** ॥ Royal Dutch Shell ကုမ္ပဏီသည် မြန်မာသို့ဝင်မည့်သတင်းကြောင့် နိုင်ငံခြားကုမ္ပဏီများသည်လည်း မြန်မာအပေါ် အီးယူမှ ပိတ်ပင်မှုများရုတ်သိမ်းပြီးပြီဟု ကြိုမတွက်ရန် အီးယူ၏ မြန်မာသို့ပထမဆုံးခြေချခဲ့သည့် ဗြိတိန်ဝန်ကြီး Andrew Mitchell မှ ဆို၏။

**နိုဝင်ဘာ၁၈ | DVB ॥** ॥ ဦးခွန်ထွန်းဦး၊ အရှင်ဂမ္ဘီရနှင့် မင်းကိုနိုင်တို့ အသီးတို့အား နေအိမ်နှင့်နီးသော ထောင်များသို့ ရွှေ့ပြောင်းမှု ရှိခဲ့ကြောင်း။

**နိုဝင်ဘာ ၁၈ | NUSA DUA ॥** ॥ အာရှ ပစ္စဖိတ်ဆွေးနွေးပွဲ တက်ရန် အင်ဒိုနီးရှားရောက် အမေရိကန်သမတ အိုဘားမားသည် မြန်မာတွင် နိုင်ငံရေးပြောင်းလဲမှုပိုမြန်ရန် နိုင်ငံခြားရေးတာဝန်ခံ ဟီလရီကလင်တန်အား ဒီဇင်ဘာတွင် မြန်မာသို့လွှတ်မည်ဟု ဒေါ်အောင်ဆန်းစုကြည်နှင့် ဖုံးပြောပြီးနောက်ဆို၏။

**နိုဝင်ဘာ ၁၈ | BBC, CNN ॥** ॥ NLD သည် ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်နိုင်ရန် ပါတီကို ပြန်လည်မှတ်ပုံတင်ရန် ယနေ့ဆုံးဖြတ်၏။

**နိုဝင်ဘာ ၁၈ | NUSA DUA, INDONESIA ॥** ॥မြန်မာသို့တိုးတက်မှုထောက်ပံ့ကြေးများ အပြည့်အဝပြန်လည်ပေးနိုင်ရန် ဆွေးနွေးလိုကြောင်းနှင့်နိုင်ငံရေးအကျဉ်းသားများလွှတ်ရန် ဂျပန်မှဆို၏။

**နိုဝင်ဘာ ၁၈ | Time Magazine ॥** ॥ ရှေ့လမြန်မာသို့သွားမည့် ဟီလာရီကလင်တင်သည် အနှစ် ၅၀ အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာသို့သွားသည့် အမေရိကန်နိုင်ငံခြားရေးတာဝန်ခံဖြစ်မည်။

**နိုဝင်ဘာ ၁၈ | WTN Post ॥** ॥ ကလင်တန်၏မြန်မာခရီးစဉ်သည်မြန်မာတွင်နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေးအတွက် အခွင့်ကောင်းတခုဟုပြည်ပတွင် ခိုလှုံနေသူမြန်မာများမှ မြင်၏။

**နိုဝင်ဘာ ၁၈ | BRUSSELS ॥** ॥ ပါတီအား ပြန်လည်မှတ်ပုံတင်ခြင်းဖြင့် နိုင်ငံရေးလောကသို့ ပြန်ဝင်လာရန် သတ္တိရှိသောဆုံးဖြတ်ချက်အတွက် အဲန်အဲလ်ဒီနှင့် ဒေါ်အောင်ဆန်းစုကြည်အား ဥရောပသမဂ္ဂမှ ချီးကျူးကြိုဆို၏။

**နိုဝင်ဘာ ၁၈ | BRUSSELL ॥** ॥ NLD မှ မြန်မာအစိုးရအပေါ် သပိတ်မှောက်ထားမှုကို ရပ်တန့်တော့မည်ဖြစ်၍ ဥရောပသမဂ္ဂသည်လည်း မြန်မာအပေါ် ပိတ်ပင်မှုစိုင့်ရှင်များကို ရုတ်သိမ်းရန်ပြင်နေ၏။

**နိုဝင်ဘာ ၁၈ | The Hindi ॥** ॥ သည်းခံမှုနှင့်ငြိမ်းချမ်းရေးတိုးမြှင့်မှုတို့အတွက် ၂၀၀၂ တွင် UNESCO ကုလ၏ပညာရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့၏ Madanjeet Singh ဆုကို ယခုမှ ဒေါ်အောင်ဆန်းစုကြည်မှ လက်ခံယူနိုင်ခဲ့၏။

# မြန်မာအစိုးရ အဓိကမျှော်လင့်ထားသည့် အာဆီယံဥက္ကဋ္ဌရာထူးရရှိသွားပါပြီ

**VOA ၊ နိုဝင်ဘာ ၁၇ ။** ။ အရှေ့တောင်အာရှနိုင်ငံများအသင်း ASEAN ရဲ့ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံကို တာဝန်ပေးအပ်ဖို့ အဖွဲ့ဝင်နိုင်ငံတွေဆုံးဖြတ်လိုက်ကြပါပြီ။ ဒါပေမယ့်လည်း ဒီတာဝန်ပေးအပ်ရတဲ့ တိုင်းပြည်တခုအနေနဲ့ နိုင်ငံရေးအရတိုးတက်မှုလိုမျိုး တာဝန်ယူမှုတွေလည်းရှိရမှာဖြစ်တယ်လို့ လက်ရှိဥက္ကဋ္ဌအင်ဒိုနီးရှားနိုင်ငံက သတိပေးပြောဆိုလိုက်ပါတယ်။ ဒီတော့ ၂၀၁၄ ခုနှစ်မှာ အာဆီယံရဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ပေးဖို့ဆုံးဖြတ်လိုက်တဲ့ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းမှာ ဗွီအိုအေ မြန်မာပိုင်းက ဒေါ်ခင်စိုးဝင်း ရောက်နေတာမို့လို့ အပြည့်အစုံ အခုလိုဆက်သွယ်မေးမြန်းထားပါတယ်။

နိုင်ငံတကာအသိုင်းအဝိုင်းကရော၊ မြန်မာပြည်တွင်းကပါ စိတ်ဝင်တစား စောင့်ကြည့်နေကြတဲ့ မြန်မာအာဆီယံဥက္ကဋ္ဌတာဝန်ပေးရေးကိစ္စ ဒီကနေ့ အောင်စာရင်းထွက်တဲ့နေ့လို့ ပြောရမှာပါ။ အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးမာတီနာတာလီဂါဝါက အာဆီယံခေါင်းဆောင်တွေက ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံကို အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ပေးဖို့ သဘောတူဆုံးဖြတ်ခဲ့ကြတယ်လို့ အခုလို အတည်ပြုပြောဆိုလိုက်ပါတယ်။

အာဆီယံခေါင်းဆောင်တွေက သူတို့ရဲ့နိုင်ငံခြားရေးဝန်ကြီးတွေရဲ့ထောက်ခံအကြံပြုချက်တွေကို လက်ခံရရှိပြီးတော့တညီတညွတ်တည်း အလေးအနက်စဉ်းစားပြီးတော့ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံကို အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ပေးရေး တရားဝင်ဆုံးဖြတ်အတည်ပြုပေးလိုက်တယ် ဆိုတာကို ကျနော်ပြောပြနိုင်ပါတယ်- လို့ ပြောပြသွားတာပါ။ ဆက်လက်ပြီးတော့ ဒီကနေ့ကျင်းပတဲ့ အာဆီယံ ၁၀ နိုင်ငံခေါင်းဆောင်တွေနဲ့ နှစ်ပတ်လည်ညီလာခံမှာ ဒီကိစ္စကိုဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ ဒီလို အာဆီယံဥက္ကဋ္ဌတာဝန်ယူဖို့ ဆိုတဲ့နေရာမှာဝတ္တရားကျေကျေပွန်ပွန်နဲ့ တာဝန်ဝတ္တရားတွေ ထမ်းဆောင်နိုင်ဖို့ကလည်း အရေးကြီးတဲ့အကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါက အခုလို ပြောပါသေးတယ်။

အခုဆိုရင် မြန်မာနိုင်ငံမှာ နောက်ထပ်တာဝန်တခု တိုးလာနေပါပြီ။ အာဆီယံရည်မှန်းချက်တခုဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာအာဆီယံ မိသားစု၊ လူမှုအသိုင်းအဝိုင်းကို စုစည်းထူထောင်နိုင်ဖို့အတွက် ဦးဆောင်ဦးရွက်လမ်းပြရမှာဖြစ်လို့ပါပဲ-တဲ့။ အခု အာဆီယံဥက္ကဋ္ဌတာဝန်ယူဖို့ တရားဝင်လည်းဖြစ်သွားပြီ၊ ဒီလိုဖြစ်လာဖို့အတွက် ကျနော်တို့အားလုံး စောင့်စားခဲ့ကြသလို အာဆီယံဥက္ကဋ္ဌတာဝန်ကို ဘယ်လိုကျေပွန်အောင် ထမ်းဆောင်သွားမှာလဲဆိုတာကို စောင့်ကြည့်သွားကြမှာပါလို့-ပြောဆိုသွားတာပါ။ အဲဒီအစည်းအဝေးအပြီးမှာ သမ္မတရဲ့နိုင်ငံရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးကိုကိုလှိုင်ကနေပြီးတော့ သမ္မတဦးသိန်းစိန်ကလည်း အာဆီယံဥက္ကဋ္ဌဖြစ်လို့ ဂုဏ်ယူရတာထက် တာဝန်တွေပိုပြီး ကြီးလေးလာတယ်လို့ မှတ်ချက်ချပြောဆိုတာကိုဖောက်သည် ပြန်ချပါတယ်။ အာဆီယံဥက္ကဋ္ဌဆိုတဲ့တာဝန်ယူထားရမယ့်မြန်မာနိုင်ငံဟာနိုင်ငံတကာအသိုင်းအဝိုင်းမှာ ပိုပြီးဝင်ဆန့်အောင် ပြုပြင်ပြောင်းလဲရေးတွေ ပိုပြီးလုပ်ပြဖို့လိုတယ်လို့လည်း အာဆီယံခေါင်းဆောင်တွေက တိုက်တွန်းခဲ့ကြတယ်လို့ ဦးကိုကိုလှိုင်က ပြောပြပါတယ်။

မြန်မာ့နိုင်ငံရေးအခြေအနေတိုးတက်ဖို့ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးဖြစ်ထွန်းအောင် နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးဖို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက တွန်းအားပေးတာခံနေရတဲ့အချိန်မှာ မနက်ဖြန် နိုင်ငံရေးအကျဉ်းသား ၁၂၀ ထပ်လွှတ်ပေးမယ်ဆိုတဲ့ သတင်းနဲ့ပတ်သက်လို့တော့ သမ္မတရဲ့ ဥပဒေအကြံပေးပုဂ္ဂိုလ် ဦးစစ်အေးက ဗွီအိုအေကို အခုလို ပြောပြပါတယ်။

"ကျနော်တို့ကတော့ အကြံပေးတဲ့ပုဂ္ဂိုလ်တွေပါ။ ဆုံးဖြတ်ချက်ချတဲ့ပုဂ္ဂိုလ် မဟုတ်ပါဘူး"

အဲဒီတော့ အကြံရောပေးပါလားရှင့်။

"မဟုတ်ဘူး။ ဒီဟာနဲ့ပတ်သက်တာက သွားတဲ့ process ကတော့ ဒီဘက်က လွှတ်တော်က အပိုင်းရယ်၊ နောက်တခါ နိုင်ငံတော်လုံခြုံရေးကောင်စီအပိုင်းရယ်၊ ပြီးတော့မှ သမ္မတကြီးအပိုင်းရယ်၊ ဒီလိုကဏ္ဍတွေရှိပါတယ်"

သမ္မတအကြံပေးအဖွဲ့ဝင် ဦးကိုကိုလှိုင်၊ ဒေါက်တာနေဇင်လတ်နဲ့ ဦးစစ်အေးတို့ဟာ သမ္မတဦးသိန်းစိန်နဲ့အတူ ဒီ ထိပ်သီးညီလာခံကိုလာပြီးတက်ရောက်နေကြတာပါ။

အာဆီယံဥက္ကဋ္ဌတာဝန်ယူလာရတဲ့အချိန်နဲ့ အာဆီယံလူ့ဘောင်မိသားစုအသိုင်းအဝိုင်း စုစည်းထူထောင်ဖို့ ဦးဆောင်ဦးရွက်ပြုရမယ့် အချိန်တွေ တိုက်ဆိုင်နေတာကြောင့် အာဆီယံမိသားစုကြီးရဲ့ယုံကြည်ကိုးစားမှုရှိလာအောင်၊ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ကဲ့ရဲ့ပြစ်တင်တာတွေမခံရအောင် ကြီးလေးတဲ့တာဝန်တွေကို မြန်မာအစိုးရက ထမ်းဆောင် ရတော့မှာဖြစ်တယ်လို့လည်း အများက အကဲခတ်သုံးသပ်နေကြပါတယ်။

# ကာချုပ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တွေ့

**RFA ၊ နိုဝင်ဘာ ၁၅ ။** ။ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတို့ အကြားကာကွယ်ရေး ကဏ္ဍမှာ ပူးပေါင်း ဆောင်ရွက်သွားဖို့ မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နဲ့ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်ငုယင်တန်ဒေါင်းတို့ တနင်္လာနေ့က ဟန်ွိုင်းမြို့တော်မှာဆွေးနွေးသဘောတူညီခဲ့ကြ ပါတယ်။

ဦးသိန်းစိန် အစိုးရသစ် လက်ထက်မှာ ပထမဆုံး ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာတဲ့ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် ဗီယက်နမ်နိုင်ငံကို အခုလိုသွားရောက်တာဟာ အမေရိကန်ပြည်ထောင်စုအပြင် တရုတ်နဲ့ ဆက်ဆံရေး အဆင်မပြေဖြစ်နေတဲ့နိုင်ငံတွေနဲ့ အနီးကပ် ဆက်ဆံလိုကြောင်း ပြသလိုက်တာဖြစ်တယ်လို့ မြန်မာ့စစ်ရေး လေ့လာသုံးသပ်သူ ဦးဌေးအောင်က ပြောပါတယ်။

ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က အခု ဗီယက်နမ် ခရီးစဉ်ဟာနှစ်နိုင်ငံစစ်ရေးနဲ့ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေကို မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်းဗီယက်နမ်ဝန်ကြီးချုပ်ကိုပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် နှစ်ဘက် ကိုယ်စားလှယ်တွေ အပြန်အလှန် လည်ပတ်ရေး၊ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာဆွေးနွေးမှု၊ တပ်မတော်ဆေးဘက်ဆိုင်ရာ ပြုစုစောင့်ရှောက်မှု၊ ထောက်လှမ်းရေး သတင်းအချက်အလက်လဲလှယ်မှု၊ လုံခြုံရေး ဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ တခြား အကျိုးတူကိစ္စတွေမှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက် သွားဖို့ကိုလည်း ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နဲ့ ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်တန်ဒေါင်းတို့ သဘောတူညီခဲ့ကြတယ်လို့ သိရပါတယ်။

# ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင် ကျိုင်းတုံထောင်မှ အင်းစိန်ထောင်ပြောင်း

**VOA ၊ နိုဝင်ဘာ ၁၇ ။** ။ ရှမ်းပြည်နယ်၊ ကျိုင်းတုံထောင်မှာ ထောင်ဒဏ် ၆၅ နှစ်ကျခံနေရတဲ့ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကို ဒီကနေ့နေ့ခင်းက ကျိုင်းတုံကနေ ရန်ကုန်မြို့ကို လေယာဉ်နဲ့ ပို့ဆောင်လိုက်ပြီဖြစ်ပါတယ်။ အဲဒီကနေတဆင့် ဘယ်ထောင်ကိုပို့မယ်ဆိုတာကိုတော့အတိ အကျမသိရသေးပါဘူး။ ဗုဒ္ဓဟူးနေ့ကစပြီး နယ်ဝေးထောင်တွေမှာ အကျဉ်းကျခံနေရတဲ့နိုင်ငံရေး အကျဉ်းသားတချို့ကို မိသားစုနဲ့နီးစပ်ရာ ထောင်တွေဆီ စတင်ပြောင်းရွှေ့ပေးနေတာဖြစ်ပါတယ်။ တခြား ၈၈ ကျောင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့အခြေအနေတွေကို မကြားသိရသေးပါဘူး။ ဒီအကြောင်းကို မိသားစုဝင်တွေ၊ အကျဉ်းထောင်ဝန်ထမ်းတွေနဲ့ ဆက်သွယ်မေးမြန်းထားတဲ့ ထိုင်းအခြေစိုက် ဗွီအိုအေသတင်းထောက် ကိုမိုးဇော်က တင်ပြထား ပါတယ်။

နိုဝင်ဘာလ ၁၆ ရက်နေ့ကစတင်ပြီး ရှမ်းတိုင်းရင်းသားခေါင်းဆောင်ဦးခွန်ထွန်းဦး၊ ရွှေဝါရောင်လှုပ်ရှားမှု ဦးဆောင်ကိုယ်တော် ဦးဂမ္ဘီရ၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်မနီလာသိန်းတို့ကို နယ်ဝေးထောင်တွေကနေ စတင်ပြောင်းရွှေ့ခဲ့ရာက ဒီကနေ့မှာတော ကျိုင်းတုံထောင်က ကိုမင်းကိုနိုင်ကို ရန်ကုန်ကို ပြောင်းရွှေ့ခဲ့ပါတယ်။

ကိုမင်းကိုနိုင်ကို ဒီကနေ့ ကျိုင်းတုံထောင်က ပြောင်းရွှေ့လိုက်တယ်ဆိုတာကိုတော့ သူရဲ့အမဖြစ်သူ ဒေါ်ကြည်ကြည်ညွန့်က အခုလိုပြောပါတယ်။

"ကျိုင်းတုံက မိတ်ဆွေတဦးပြောတာတော့ လေယာဉ်နဲ့ပါသွားပြီလို့တော့ပြောတယ်။ လေယာဉ်က ၁၂ ခွဲထွက်တယ်တဲ့။ သူကိုပို့တာ လေဆိပ်လည်းအရောက် လေယာဉ်လည်းအရောက် ချိန်ကိုက်ပဲတဲ့။ တန်းတင်တယ်တဲ့ အဲလိုပြောတာ။ ရန်ကုန်လေယာဉ်ပဲပေါ့။ ဟဲဟိုးဝင်အုံးမယ်တော့ပြောတယ်။ဒီလေယာဉ်က။လေယာဉ်ကရန်ကုန်လာမယ့် လေယာဉ်ပဲပေါ့။ သူ့ကြည့်လိုက်တာ တယောက်တည်းပဲ တွေ့တယ်တဲ့။ Leather ဂျာကင်လေး ဝတ်သွားတာ တွေ့တယ်တဲ့။ လက်ထိပ်တွေဘာတွေတော့ မခတ်ထားပါဘူးတဲ့။ မိတ်ဆွေကလှမ်းမြင်လိုက်တာ ပြောတာ"

ဒီလိုထောင်ပြောင်းရွှေ့တာနဲ့ပတ်သက်ပြီး အာဏာပိုင်တွေက မိသားစုတွေကို တစုံတရာအကြောင်းကြားတာ မရှိဘူးလို့လည်း ပြောပါတယ်။ ကိုမင်းကိုနိုင်ကို ရန်ကုန်ကနေ သရက်ထောင်ကိုပြောင်းမယ်လို့ သတင်းတွေ ထွက်ပေါ်နေပေမဲ့ သီးခြား အတည်ပြုချက်တော့ မရသေးပါဘူး။ ကျိုင်းတုံထောင်မှာ နိုင်ငံရေးမှုနဲ့ ထောင်ဒဏ်ကျခံနေရတဲ့ အခြားအကျဉ်းသား၄ဦးကိုမနေ့ကဆေးစစ်ချက်ယူတာရှိခဲ့ပေမဲ့ဒီကနေ့တော့ကိုမင်းကိုနိုင်တယောက်တည်းကိုပဲ ထောင်ပြောင်းတာရှိတယ်။ ထောင်အာဏာပိုင်တွေက ကိုမင်းကိုနိုင်အတွက် လိုအပ်တဲ့ဆေးဝါးတချို့ကိုလည်း ထည့်ပေးလိုက်တယ်လို့ ကျိုင်းတုံထောင်က ဝန်ထမ်းတဦးက ပြောပါတယ်။

မိုင်းဆတ်ထောင်ထောင်မှာ အကျဉ်းကျခံနေရတဲ့ ကိုကိုကြီးကို ထောင်အပြောင်းအရွှေ့ရှိမရှိ နဲ့ပတ်သက်ပြီး ညီဖြစ်သူ ကိုအောင်ထွန်းက အခုလိုပြောပါတယ်။

"မိုင်းဆတ်ကို ကျနော်တို့ ဖုန်းဆက်တုန်းကတော့ ကိုင်တာမရှိဘူး။ အိမ်ကိုတော့ အကြောင်းကြားတာမျိုး မရှိဘူးပေါ့၊ကျနော်တို့လည်း ဘာမှမကြားရသေးဘူး။စောင့်ကြည့်နေတာပဲ။တချို့လူတွေတော့ကြားနေတာပေါ့။ မနီလာသိန်းတို့ ဘာတို့ ပြောင်းတယ်ဆိုတာတော့ကြားနေတာပေါ့"

VOA က မိုင်းဆတ်ထောင်ကို ဆက်သွယ်မေးမြန်းရာမှာတော့ ကိုကိုကြီးနဲ့ အခြားနိုင်ငံရေးအကျဉ်းသားတွေဟာ အဲဒီမှာပဲ ရှိနေဆဲဖြစ်ကြောင်း တာဝန်ကျဝန်ထမ်းတဦး ပြောပါတယ်။

ကသာထောင်မှာကျခံနေရတဲ့ ကိုအံ့ဘွယ်ကျော်သတင်းနဲ့ပတ်သက်လို့တော့ ဘာမှ မကြားရသေးကြောင်း အသက် ၇၈ နှစ်အရွယ် မိခင်ဖြစ်သူ ဒေါ်တင်တင်ဝင်းက ပြောပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေလွတ်မယ်ဆို သတင်းတွေထွက်ပေါ်နေပြီးမလွတ်လာသေးတဲ့အပေါ်မှာတော့ ဒေါ်တင်တင်ဝင်းက သူ့ခံစားချက်ကိုအခုလိုပြောပါတယ်။

"ကျမကတော့ လွှတ်မယ်ဆိုလည်း တခါတည်းလွှတ်လိုက်တာကြိုက်တယ်ပေါ့။ ဟိုတနေရာပြောင်း ဟိုတနေရာပြောင်း ပြောင်းပြီးတော့ကော လွှတ်ဖို့ဆိုတာက ဘယ်လောက်ကြာအုံးမှာလဲ။ အဲဒါက ရှိသေးတယ်။ ၁၀ ရက်နေ့တို့၊ ၁၄ ရက်နေ့တို့ ပြောနေကြတာ။ လူတွေကလည်း လွှတ်စေချင်တော့ ကိုယ်ဖြစ်ချင်တာ ပြောကြသလားတော့ မသိပါဘူး။ မိသားစုတွေကလည်း မျှော်လင့်-မျှော်လင့်၊ မပါ-မပါဆိုတော့ အဲလိုပဲ မျှော်ရ မျှော်ရတာနဲ့ပဲ အားကုန်တယ်ပေါ့နော်။ အသက်ကလည်းကြီးဆိုတော အားလျော့တာပေါ့"

အခြား ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ကိုမင်းဇေယျ၊ ကိုဌေးကြွယ်၊ ကိုပြုံးချို၊ ကိုမြအေးနဲ့ အခြားသူတွေရဲ့ ထောင်အပြောင်းအရွှေ့သတင်းတော့ မကြားသိရသေးပါဘူး။ ၈၈ မျိုးဆက်ကျောင်းသားတွေဟာ ၂၀၀၇ ခုနှစ် ဩဂုတ်လအတွင်းက လောင်စာဆီဈေးနှုန်းကျဆင်းရေးအတွက် ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒပြခဲ့တာကြောင့် ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံခဲ့ရပြီး ဝေးလံတဲ့ ထောင်တွေ ဆီအပို့ခံထားရသူတွေဖြစ်ပါတယ်။

ဒီလို ဝေးလံတဲ့ အကျဉ်းထောင်တွေက နိုင်ငံရေးအကျဉ်းသားတွေကို မိသားစုနဲ့ နီးရာထောင်တွေကို ပြောင်းရွှေ့နေတဲ့ တချိန်တည်းမှာတော့ ၂၀၁၀ ခုနှစ် ရန်ကုန်မြို့က X20 ရေကစားမဏ္ဍပ် ဗုံးပေါက်ကွဲတာကို ဓာတ်ပုံရိုက်တာကြောင့် အဖမ်းခံရတဲ့ ကိုစည်သူဇေယျကိုတော့ မနေ့ကမိသားစုနဲ့ဝေးလံတဲ့ ဟသ်ာတထောင်ကိုပို့လိုက်ပါတယ်။ ဖခင်ဖြစ်သူ ဦးဇေယျကိုလည်း သီပေါထောင်ကိုပို့ဆောင်ထားတာ ဖြစ်ပါတယ်။

ဒီလ ၁၂ ရက်နေ့ကတော့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေကို ထပ်မံလွှတ်ပေးဖို့အတွက် နိုင်ငံတော်သမ္မတဆီကို အိပ်ဖွင့်ပေးစာပေးပို့ခဲ့ပါတယ်။ လိုအပ်ချက်အရ လွတ်ငြိမ်းခွင့် မပေးနိုင်ရင်လည်း မိသားစုနဲ့ နီးရာအကျဉ်းထောင်တွေကို ရွှေ့ပေးဖို့အတွက်လည်း တောင်းဆိုထားပါတယ်။

# ဟီလာရီကလင်တန်ကို မြန်မာနိုင်ငံစေလွှတ်မည်ဟု အိုဘားမားကြေညာ

**VOA နိုဝင်ဘာ ၁၈ ။** ။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းက အရှေ့အာရှ ထိပ်သီးညီလာခံကိုတက်ရောက်နေတဲ့ အမေရိကန်သမ္မတ Barack Obama) က ရှေ့လ ဒီဇင်ဘာလမှာ နိုင်ငံခြားရေးဝန်ကြီး Hilary Clinton) ကို မြန်မာနိုင်ငံကိုစေလွှတ်မယ်လို့ ဒီကနေ့ ကြေညာလိုက်ပါတယ်။

အခုအချိန်ထိ စစ်ဘက်က ကြီးစိုးထားတဲ့ မြန်မာအစိုးရဆီကနေ တိုးတက်မှုတွေ မိန်ပျပျ မြင်တွေ့လာရတာကို တုန့်ပြန်တဲ့အနေနဲ့ အခုလို ဝန်ကြီးကလင်တန်ကို စေလွှတ်တာလို့ သမ္မတအိုဘားမားက ပြောပါတယ်။ မြန်မာသမ္မတဦးသိန်းစိန်နဲ့ ပြည်ထောင်စုလွှတ်တော်တို့ဟာ ပြုပြင်ပြောင်းလဲရေးကိုရှေ့ရှုတဲ့ အရေးပါတဲ့ခြေလှမ်းတွေကို လှမ်းခဲ့ပြီးတော့ မြန်မာအစိုးရနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်နဲ့ တွေ့ဆုံဆွေးနွေးမှုစတင်ခဲ့သလို တချို့သော နိုင်ငံရေးအကျဉ်း သားတွေကိုလွှတ်ပေးတာတွေ သတင်းမီဒီယာတွေ အပေါ်တင်းကြပ် ထားတာကို လျှော့ပေးတာတွေနဲ့ မြန်မာ့နိုင်ငံရေးဝန်းကျင်ကို ဖွင့်ပေး နိုင်တဲ့ဥပဒေတွေကို ပြဌာန်းပေးတာတွေရှိခဲ့တယ်လို့ သမ္မတအိုဘား မားက ပြောပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ နိုင်ငံရေးစနစ်ကို ပိတ်ဆို့ထားဆဲ ဖြစ်နေတာ တိုင်းရင်းသားလူနည်းစုတွေအပေါ် ပြုမူဆောင်ရွက်နေတာ နိုင်ငံရေးအကျဉ်းသားတွေကို မလွှတ်သေးပဲထားတာနဲ့ မြောက်ကိုးရီးယားနဲ့ ဆက်ဆံနေတာတွေအတွက် မိမိတို့ကတော့ စိုးရိမ်ပူပန်နေဆဲဖြစ်တယ်လို့ သမ္မတအိုဘားမားက မြန်မာအစိုးရကို အထူးပြု ပြောကြားလိုက်ပါတယ်။

ဒါပေမဲ့လည်း မြန်မာနိုင်ငံမှာ တိုးတက်ဖြစ်ထွန်းမှုတွေ ဖြစ်ရေးအတွက် သမိုင်းက ပေးအပ်လာတဲ့ အခွင့်ကောင်းတစ်ရပ်ကို အမေရိကန်ပြည်ထောင်စုက ထိန်းသိမ်းထားလိုပြီးတော့ မြန်မာအစိုးရဟာ ဒီမိုကရေစီရေးပြုပြင်လမ်းကြောင်းကိုဆက်ပြီးလျှောက်လှမ်းနေသရွေ့ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေးအသစ်တရပ်ကို ပုံဖော်နိုင်လိမ့်မယ်ဆိုတာကို ရှင်းရှင်းလင်းလင်း အသိပေးလိုတယ်လို့ သမ္မတအိုဘားမားက ပြောကြားသွားခဲ့ပါတယ်။

---

**စာမျက်နှာ ၁၂ မှ**

တွေ ဘာတွေကို အကုန်လုံးစုစည်းပြီးတော့ ကျနော်တို့ ဒီကနေ့ပြင်ဆင်နေတာတော့ ကျနော်တွေ့မိတယ်။ လေယာဉ် ခရီးစဉ်က မနက်ဖြန်ရှိတယ် ဆိုတဲ့အခါကျတော့ တကယ်လို့ပြောင်းမယ်ဆိုရင်တော့ မနက်ဖြန် ဖြစ်ဖို့များတာပေါ့နော်။"ကျိုင်းတုံထောင်ကအရာရှိပြောပြခဲ့တာပါ။

ဒါ့အပြင် အကျဉ်းကျနေတဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တချို့ရဲ့မိသားစုဝင်တွေနဲ့ဖားအံထောင်က ဘလော့ဂါ (Blogger) ကိုနေဖုန်းလတ် မိသားစုဝင်တွေကို မေးကြည့်တဲ့အခါမှာတော့သူတို့ဟာ လက်ရှိသူတို့ရှိနေတဲ့ အကျဉ်းထောင်တွေအတွင်းမှာဘဲရှိနေပြီးတော့ သူတို့အကြောင်းသတင်း မသိရသေးဘူးလို့ ပြောပါတယ်။

ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက အကျဉ်းသားတွေကို မိသားစုနဲ့နီးတဲ့ထောင်တွေဆီကိုရွှေ့ပြောင်းပေးဖို့အတွက်စီစဉ်နေတယ်လို့ဗီအိုအေမြန်မာပိုင်းနဲ့သီးသန့်တွေ့ဆုံခန်းမှာပြောခဲ့သလိုမြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကလည်း ဝေးလံခေါင်သီလှတဲ့နေရာတွေကနေ မြို့ပြထောင်တွေဆီကို ရွှေ့ပြောင်းပေးဖို့ တောင်းဆိုတဲ့ စာထွက်ခဲ့ပြီတဲ့နောက် အခုလိုမျိုးအပြောင်းအရွှေ့တွေစပြီးတော့ဖြစ်ခဲ့တာပါ။

သူ့အနေနဲ့ ပထမဆုံးအကြိမ် ဒေါ်အောင်ဆန်းစုကြည်နဲ့ အစောပိုင်းကဖုန်းဆက်စကားပြောတဲ့အခါမှာမြန်မာနိုင်ငံမှာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ ရှေ့ဆက်နိုင်စေဖို့ အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာအစိုးရနဲ့ ထိတွေ့ဆက်ဆံမှုကို ဒေါ်အောင်ဆန်းစုကြည်က ထောက်ခံကြောင်းလည်း သမ္မတအိုဘားမားက ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူ့အခွင့်အရေးအခြေအနေနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး စတာတွေ တိုးတက်မှုဖြစ်ပေါ်ရရှိရေးအတွက် အမေရိကန်ပြည်ထောင်စုက ကူညီပံ့ပိုးနိုင်ရေး အချက်အလက်တွေကို နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က မြန်မာနိုင်ငံမှာ စူးစမ်းရှာဖွေလိမ့်မယ်လို့လည်း သမ္မတအိုဘားမားက ပြောကြားသွားခဲ့ပါတယ်။

---

## မြန်မာ့ပညာရေးစနစ်ကောင်းတခု ဖြစ်ပေါ်စေလိုကြောင်း
# ဒေါ်အောင်ဆန်းစုကြည်ပြောဆို

**RFA နိုဝင်ဘာ ၁၇ ။** ။ မိမိတို့နိုင်ငံမှာ ကျောင်းသူ ကျောင်းသားတွေကော မိဘတွေပါ စိတ်ချမ်းသာစေတဲ့ ပညာရေး စနစ်ကောင်းတစ်ခု ဖြစ်ပေါ်စေလိုတဲ့ ဆန္ဒရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်ပါတယ်။

"အခုအချိန်မှာ တစ်တိုင်းပြည်လုံးအတွက် မလုပ်နိုင်ပေမဲ့ ကျမတို့ တနိုင်တပိုင်လုပ်နေတာပါ။ ဒါကြောင့်မို့ တနိုင်တပိုင်လုပ်နေတဲ့အချိန်မှာ အားပေးတဲ့လူတွေဟာ ကျမတို့ရဲ့ တကယ့်အင်အားတွေဖြစ်ပါတယ်"

ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ နိုဝင်ဘာလ၁၇ ရက်နေ့ နံနက်ဆယ်နာရီခန့်က မြန်မာနိုင်ငံကိုရောက်ရှိနေတဲ့ ဗြိတိန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာနဝန်ကြီး Mr. Andrew John Bower Mitchell နဲ့ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး Andrew Heyn တို့ကို လှိုင်သာယာမြို့နယ်က အမေ့အိမ် အခမဲ့ပညာဒါနစာသင်ကျောင်းကို သွားရောက်ပြသစဉ် ပြည်သူလူထုနစ်ထောင်ကျော်ကို အမှာစကားပြောကြားရာမှာ အခုလို ပြောဆိုတာဖြစ်ပါတယ်။

ကျောင်းသူ ကျောင်းသားများအနေနဲ့ ငယ်ရွယ်စဉ်ကတည်းက နိုင်ငံရေးကို အထိုက်အလျောက် နားလည်သင့်တယ်လို့လည်း ဆိုပါတယ်။ နိုင်ငံကောင်းစားဖို့ ပြည်သူတွေကို အရေအတွက်တင်မက အရည်အချင်းပါ တိုးတက်စေလိုပြီး ပညာရေးနဲ့စရမှာလို့ ခံယူတဲ့ အတွက် အခုလို ကျောင်းများဖွင့်လှစ်ရခြင်း ဖြစ်ကြောင်းလည်း ရှင်းလင်းပြောဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က ပြည်သူထုဆင်းရဲမွဲတေမှု ပပျောက်ရေးကိစ္စအတွက် နိုင်ငံခြားက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ဆွေးနွေးနေတဲ့ အကြောင်း ပြောဆိုခဲ့သလို အခုလည်း ဗြိတိသျှဖွံ့ဖြိုးရေးဝန်ကြီးကို ဘယ်လို အကူအညီတွေပေးနိုင်တယ်ဆိုတာသိရှိအောင်လာရောက်ပြသခြင်းဖြစ်ကြောင်း ပြောဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ အမေ့အိမ်ပညာရေးကျောင်းကို ရောက်ရှိလာရာမှာ ရန်ကုန်တိုင်း NLD အဖွဲ့ဝင်တွေနဲ့ ပြည်သူလူထုက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြပါတယ်။ ကျောင်းသူ ကျောင်းသားတွေက ဖွားဖွားစု ကျမ်းမာပါစေလို့ ကဗျာများရွတ်ဆို ဂုဏ်ပြုနှုတ်ခွန်းဆက်ကြတယ်လို့ သိရပါတယ်။

# အစာငတ်ခံ ဆန္ဒပြခြင်း

**ခင်မမမျိုး**

" ဒီနေ့တနေ့လုံး အစာငတ်ခံဆန္ဒပြတာနဲ့ပတ်သက်ပြီး ငါ စဉ်းစားနေခဲ့တယ်။ လူအများက ခန္ဓာကိုယ်အကြောင်းကို အပြောများကြတယ်။ ဒါပေမယ့် မယုံကြည်ကြဘူး။ "ဘော်ဘီဆဲဒ်ဒ် (၁၉၈၁ ခုနှစ်)

(၁၉၈၁) ခုနှစ်က အိုင်ယာလန်မြောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ ထောင်တွင်း အစာငတ်ခံဆန္ဒပြပွဲကြီးဟာ အိုင်ယာလန် နိုင်ငံရေးသမိုင်းမှာ မှတ်တိုင်ကြီးတခုဖြစ်သွားခဲ့ပါတယ်။ ဒီဆန္ဒပြပွဲမှာ ရီပတ်ပလင်ကန် အကျဉ်းသားဘော်ဘီဆဲဒ်ဒ်အပါအဝင် အကျဉ်းသားဆယ်ဦးသေဆုံးခဲ့ပါတယ်။ ဒီအစာငတ်ခံဆန္ဒပြပွဲနဲ့ ထောင်တွင်းတိုက်ပွဲတွေဟာ ဗြိတိသျှ အစိုးရရဲ့ အကျဉ်းထောင်ဆိုင်ရာ မူဝါဒတွေ ပြင်ဆင်မှုကို ဦးတည်စေခဲ့ပြီး၊ မြောက်ပိုင်းအိုင်ယာလန်ရဲ့ နိုင်ငံရေးအခြေအနေကို ကမ္ဘာကို မီးထောင်ထိုးပြခဲ့ပါတယ်။ အစာငတ်ခံဆန္ဒပြပွဲမှာ အဓိကသုံးခဲ့ကြတဲ့ လက်နက်ကတော့ လူ့ခန္ဓာကိုယ်ပဲဖြစ်ပါတယ်။

လူ့ခန္ဓာကိုယ်ကို လက်နက်အဖြစ် အသုံးပြုခြင်း (The body as a weapon) ဆိုတဲ့ သဘောတရားဟာ နိုင်ငံရေးအန်တုမှု (political defiance) နဲ့ လူမှုဗေဒ (sociology)၊ မနုဿဗေဒ (anthropology) ဘာသာရပ်စတာတွေမှာ အရေးကြီးတဲ့ သဘောတရားတရပ်ဖြစ်ပြီး၊ အစာငတ်ခံဆန္ဒပြခြင်းကနေ အသေခံဗုံးခွဲ တိုက်ခိုက်ခြင်းအထိအကျုံးဝင်ပါတယ်။ အသေခံဗုံးခွဲ တိုက်ခိုက်မှုမှာတော့ ပြည်သူလူထုအကြားမှာ ဗုံးခွဲမှုတွေက အကြမ်းဖက်မှု (Terrorism) ဖြစ်ပြီး၊ တဘက်ရန်သူရဲ့ ပစ်မှတ်ကို ချေမှုန်းတာကတော့ လက်နက်ကိုင်တော်လှန်ရေး (Armed Struggle) ဖြစ်တဲ့အတွက် ဒီဆောင်းပါးမှာ ထည့်သွင်းဆွေးနွေးခြင်းမပြုပါဘူး။ အကြမ်းမဖက် တိုက်ပွဲနည်းနာတခုဖြစ်တဲ့ အစာငတ်ခံဆန္ဒပြခြင်းကိုပဲ သီးခြားဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

အစာငတ်ခံ ဆန္ဒပြခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များ

အိုင်စီအာစီလို့ လူသိများကြတဲ့ International Committee of the Red Cross က Hern´an Reyes ဆိုသူက အစာငတ်ခံ ဆန္ဒပြခြင်းမှာ အစာဖြတ်တောက်ခြင်း၊ မိမိသဘောဆန္ဒဖြင့် ပြုလုပ်ခြင်းနဲ့ ရည်ရွယ်ချက်ဖော်ပြခြင်းဆိုတဲ့ အပိုင်း (၃) ပိုင်း ပါဝင်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။ သူ့ရဲ့အဆိုအရ အကျဉ်းထောင်မှာ အစားအစာမစားသူများမှာ အစားအစာကိုငြင်းဆန်သူများ (food refuser) များနဲ့ အမှန်တကယ် အစာငတ်ခံဆန္ဒပြသူများ (real hunger strikers) ဆိုပြီး နှစ်မျိုးကွဲပြားပါတယ်။

အစားအစာကို ငြင်းဆန်သူများမှာ အခြေအနေအကြောင်း တစုံတရာကြောင့် ရုတ်ခြည်းငြင်းဆန်သူများနဲ့ အစားအစာကို ရည်ရွယ်ချက်ရှိရှိငြင်းဆန်သူများဆိုပြီး နှစ်မျိုးထပ်ကွဲပါတယ်။ အကျဉ်းထောင်ရဲ့ အစားအစာကြောင့်ဖြစ်စေ၊ ထောင်ဝန်ထမ်းဆက်ဆံရေးကြောင့် ဖြစ်စေ၊ တစုံတရာ စိတ်ရှုပ်ထွေးမှုများနဲ့ ဒေါသစိတ်ကြောင့်ဖြစ်စေ အစားအစာကို ရုတ်ခြည်းငြင်းဆန်လိုက်သူတွေရှိတတ်ပါတယ်။ ဒီလိုအကျဉ်းသားတွေဆီမှာ ရည်ရွယ်ချက်တစုံတရာမရှိတာကြောင့် ဆာလောင်မှုကြောင့်ဖြစ်စေ၊ အခြေအနေတခုကြောင့် ဖြစ်စေ အလွယ်တကူအစာပြန် စားသွားလေ့ရှိပါတယ်။

နောက်တမျိုးကတော့ ထောင်ထဲမှာ အမြန်သေဆုံးသွားရင်လဲ သေဆုံးသွားပါစေသဘောထားပြီး၊ ဘဝကို အရှုံးပေးစိတ်နဲ့ အစားအ စာကိုရည်ရွယ်ချက်ရှိရှိငြင်းဆန်တာဖြစ်ပါတယ်။ ရောဂါဘယခံစားရသူ များနဲ့ ဘဝမှာ မျှော်လင့်ချက်ပျောက်နေသူများမှာ ဒီလိုငြင်းဆန်မှုတွေရှိလာတတ်ပါတယ်။ ဒီလို အစားအစာကို ငြင်းဆန်သူများမှာတစုံတရာ နိုင်ငံရေးဖိအားကို အသုံးပြုမှုမရှိပါဘူး။ တချိန်တည်းမှာ အများအပြားရှိနိုင်ပေမယ့် တဦးချင်းသီးခြားငြင်းဆန်မှုတွေဖြစ်ပါတယ်။ အာဏာပိုင်များနဲ့ထိပ်တိုက်ရင်ဆိုင်မှုသင်္ကေတ၊ တိုက်ပွဲသင်္ကေတမပါဝင်ပါဘူး။ အုပ်စုဖွဲ့မှုမရှိပါဘူး။

အမှန်တကယ်အစာငတ်ခံဆန္ဒပြသူများမှာ နောက်ဆုံးအဆင့်သေဆုံးဖို့အထိ ရည်ရွယ်သူများရှိသလို၊ တိုက်ပွဲရေချိန်ပေါ် မူတည်ပြီး အတိုးအလျှော့လုပ်သူများဆိုပြီး နှစ်မျိုးထပ်ကွဲပြားပါတယ်။ ဘယ်လိုကွဲပြားမှုတွေရှိပေမယ့် အမှန်တကယ် အစာငတ်ခံဆန္ဒပြသူများမှာ နိုင်ငံရေး ရည်ရွယ်ချက်ရှိပါတယ်။ အကျဉ်းသားအခွင့်အရေး အပြည့်အဝရရှိရေး၊ နှိပ်စက်ညှဉ်းပမ်းမှုများ လျှော့ချရေး၊ အကျဉ်းထောင်မတရားမှုများ ဖော်ထုတ်ရေး စတာတွေကနေ နိုင်ငံရေးတောင်းဆိုချက်စသည်အထိ ရည်ရွယ်ချက် အမျိုးမျိုးရှိနိုင်ပါတယ်။ အမှန်တကယ် အစာငတ်ခံဆန္ဒပြသူများဟာ တစုံတရာ နိုင်ငံရေးဖိအားကို အုပ်စုလိုက်အသုံးပြုကြတာဖြစ်ပါတယ်။

အစာငတ်ခံဆန္ဒပြသူများဆိုင်ရာကြေငြာစာတမ်း (Declaration on Hunger Strikers – Declaration of Malta) မှာတော့ World Medical Association က အစာငတ်ခံဆန္ဒပြသူဆိုတာ အစာငတ်ခံဆန္ဒပြမယ်လို့ မိမိကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ဆုံးဖြတ်ပြီး၊ အစားအစာကို အချိန်အတိုင်းအတာတခုအထိငြင်းဆန်တဲ့ စိတ်ပိုင်းဆိုင်ရာအရ ကျန်းမာသူများလို့ အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ပါတယ်။ အစာငတ်ခံဆန္ဒပြသူများရဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်းစွမ်းရည် (decision-making capa city) ကို ဒီဖွင့်ဆိုချက်က အဓိက မီးမောင်းထိုးပြထားခဲ့ပါတယ်။

တုန့်ပြန်မှုနှင့်ထည့်သွင်းစဉ်းစားလေ့ရှိသောအချက်အလက်များ:အစာငတ်ခံဆန္ဒပြခြင်းနဲ့ပတ်သက်တဲ့နိုင်ငံရေးသမိုင်းကြောင်း တွေက ကမ္ဘာမှာကျယ်ကျယ်ပြန့်ပြန့်ရှိခဲ့ပြီး၊ အစာငတ်ခံဆန္ဒပြမှုကိုက်ဆိုင်ရာ နိုင်ငံအစိုးရတွေက တုန့်ပြန်မှုတွေက ရှုမြင်သုံးသပ်ပုံပေါ် မတည်ပြီး အမျိုးမျိုးကွဲပြားပါတယ်။ များသောအားဖြင့် အကျဉ်းထောင် အစာငတ်ခံဆန္ဒပြမှုနဲ့ပတ်သက်ပြီး သုံးသပ်လေ့ရှိတဲ့ ရှုထောင့်တွေကတော့အစာ

**စာမျက်နှာ ၁၈ သို့**

# ပြည်တွင်းမီဒီယာများကို အဆိုးမြင်ရေးသားသည်ဟု ဦးခင်ရွှေအပြစ်တင်

**Mizzima ၊ နိုဝင်ဘာ ၁၅ ။** ။ အာဏာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့်နေရာဖြစ်သော ရန်ကုန်မြို့ကျောက်တံတား မြို့နယ်ရှိ ဝန်ကြီးများရုံးအား ဟိုတယ်အဖြစ် ငှားရမ်းမည်ကို ကန့်ကွက်ရေးသားခဲ့ကြသည့် ပြည်တွင်း မီဒီယာများအား အဆိုးမြင်ရေးသားကြသည်ဟုမြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဦးခင်ရွှေမှ ပြစ်တင်ပြောဆိုလိုက်သည်။

ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်တွင် အင်္ဂါနေ့က ပြုလုပ်သည့် မြန်မာ့ခရီးသွားလုပ်ငန်းအကြောင်းသတင်းစာရှင်းလင်းပွဲ အဖွင့်အမှာစကား၌ပြည်တွင်းမီဒီယာများသည် ပြည်ပမီဒီယာများကဲ့သို့ပင်မကောင်းသည့်ဘက်မှ ရှုမြင်ရေးသားကြသည်ဟု ဇေကမ္ဘာကုမ္ပဏီပိုင်ရှင်ဦးခင်ရွှေမှ ပြစ်တင်ပြောသွားခြင်း ဖြစ်သည်။

"မဟုတ်က ဟုတ်ကတွေ ရေးတယ်ဆိုကတည်းက တော်တော်လေးကို စိတ်ဓါတ်ကျဖို့ကောင်းပါတယ်။ ကောင်းတာမမြင်တဲ့ သဘောဖြစ်နေတယ်။ နိုင်ငံတော်က သွားနေတဲ့လမ်းကြောင်း ကောင်းနေတာကိုလဲ အသိအမှတ်မပြုတဲ့ သဘောမျိုးဖြစ်နေတယ်။"ဟု ဦးခင်ရွှေက ပြောသည်။ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ အမျိုးသားလွှတ်တော်အမတတဦး ဖြစ်သည့်ဦးခင်ရွှေက ဝန်ကြီးများရုံးကိစ္စအပေါ် ကာကွယ်ပြောဆို သူများကိုပါသတင်းစာရှင်းလင်းပွဲတွင်တုန့်ပြန်ပြောဆိုသွားခဲ့သေးသည်။

"တချို့ပြောတာလဲကြားတယ်။ ဒါကြီးကိုအသက်ပေးပြီး ကာကွယ်မယ်တဲ့။ အသက်ပေးစရာမလိုပါဘူး တယောက်တသိန်းထည့်ပြီး ဒါကြီးကို ထိန်းသိမ်းမယ်ဆိုရင် အဲ့လူတွေထည့်မှာမဟုတ်ဘူး။ အသက်သာပေးကြမှာ။" ဟု သူက ဆိုသည်။

"ပြည်တွင်းဂျာနယ်တွေကနပါတယ်။"ဟုသုံးနှုန်းပြောဆိုခဲ့သည့် ဦးခင်ရွှေက အဆိုပါ ဝန်ကြီးကြီးများရုံးနှင့်ပတ်သက်သည့် မော်နီတာဂျာနယ်တွင်ပါရှိသော "ဘယ်ပေတံနဲ့ တိုင်းမှာလဲ" အမည်ရှိ ဆောင်းပါးတပုဒ်ကိုမူ ကွဲလွဲသည့်အမြင်ရှိသည်ဟု ချီးကျူးပြောဆိုခဲ့ပြီး ယင်းဆောင်းပါးကို သတင်းစာရှင်းလင်းပွဲတွင် ဝေငှခဲ့သည်။

ဆောင်းပါးတွင်"ဝန်ကြီးများရုံးသည်အင်္ဂလိပ်အမွေအနှစ်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း လပိုင်းသာ ရုံးထိုင်ခဲ့ကြောင်းနှင့် မြန်မာလူမျိုး များထက် မြန်မာနိုင်ငံအား ကျွန်အဖြစ်ပြုလုပ်ခဲ့သည့် အင်္ဂလိပ်လူမျိုးများသာ ထိန်းသိမ်းသင့်ကြောင်း၊ နိုင်ငံတော်မှ ထိန်းသိမ်းပါက စာရိတ်များစွာ ကုန်ကျမည်ဖြစ်ကြောင်း" ရေးသားထားသည်။

ဦးခင်ရွှေက မိမိအနေဖြင့် စင်ကာပူ၊ အမေရိကားစသောနိုင်ငံများတွင် ငွေကုန်ကြေးကျခံ သွားရောက် သုံးဖြုန်းနိုင်ကြောင်း၊ နိုင်ငံခြားတွင် မီလျံနာဟူသည့် ဂုဏ်ပုဒ်ခံယူပြီး သွားရောက်နေနိုင်သည့် အခြေအနေတွင် ရှိနေသော်လည်း တိုင်းပြည်အတွက် အလုပ်လုပ်နေခြင်း ဖြစ်ကြောင်းလည်း ထည့်သွင်းပြောသွားသည်။

သူ့နည်းတူ စီးပွားရေး လုပ်ငန်းရှင် တဦးဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းမှာ ခြောက်လအတွင်း ကိုယ်ပိုင်ငွေ ကျပ်သိန်းတသောင်းကျော် အကုန်အကျခံ သုံးစွဲခဲ့ကြောင်း ပြောဆိုသွားခဲ့သည်။

---

**စာမျက်နှာ ၁၇ မှ**

တော်ခံဆန္ဒပြသူများဆီမှာ political expression ကို ဖော်ထုတ်ရန်အခွင့်အရေးရှိသလား ဆိုတာနဲ့ ပတ်သက်ပါတယ်။

ဒီမိုကရေစီထောင်တွေမှာတော့ ဒီအခွင့်အရေးကို အသိအမှတ်ပြုပြီး ညှိနှိုင်းမှုတွေရှိပေမယ့်၊ အာဏာရှင်နိုင်ငံတွေမှာတော့ ဒီအခွင့်အရေးကို အသိအမှတ်မပြုပဲ အတင်းအကြပ် အစာကျွေးတာ၊ ညှဉ်းပမ်းနှိပ်စက် တာတွေနဲ့ တိုက်ပိတ်ပြစ်ဒဏ်ပေးတာတွေ လုပ်လေ့ရှိပါတယ်။ နောက်တချက်ကတော့ အစာတော်ခံဆန္ဒပြခြင်းရဲ့ ရည်ရွယ်ချက်တွေဟာ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းအကျိုးပြုမူဝါဒတွေနဲ့ကိုက်ညီမှုရှိသလား၊ တရားဝင်မှု ရှိစေသလားဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

တခါတရံမှာ အစာတော်ခံ ဆန္ဒပြသူတွေဘက်က အဖျက်မူဝါဒတွေဖြစ်နေတတ်ပြီး၊ တခါတရံမှာတော့ အစာတော်ခံဆန္ဒပြသူတွေ က နိုင်ငံနဲ့ လူ့အဖွဲ့အစည်း အကျိုးပြုရေးကို လုပ်ဆောင်နေသူများ ဖြစ်ပြီး၊ အာဏာပိုင်တွေက နိုင်ငံကို ဖျက်ဆီးနေသူများလဲ ဖြစ်နေတတ်ပြန်ပါတယ်။ အမှန်အမှားကတော့ သက်ဆိုင်ရာနိုင်ငံရဲ့ နိုင်ငံရေးစနစ်၊အစိုးရအဖွဲ့ရဲ့ တရားဝင်မှု (legitimacy)၊ တရားဥပဒေစိုးမိုးရေး စတာတွေပေါ်မှာပဲမူတည်ပါတယ်။ နောက်တချက်ကတော့ အစာတော်ခံဆန္ဒပြသူများဟာ အသေခံဖို့အထိ ရည်ရွယ်ချက်ရှိမရှိနဲ့ အသေခံလိုက်တဲ့အခါ နိုင်ငံရေးအရအခြေအနေ မည်၍ မည်မျှဖြစ်သွားနိုင်ခြင်း ရှိမရှိဆိုတာတွေနဲ့ သက်ဆိုင်ပါတယ်။

အစာတော်ခံဆန္ဒပြမှုတွေမှာ အခြေအနေပြအချက်အလက်တွေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ အစာတော်ခံဆန္ဒပြခြင်းဟာ တဦးချင်းအနေနဲ့လား၊အုပ်စုအနေနဲ့လားဆိုတာကိုအခြေအနေပေါ်မူတည်ပြီးတိုက်ပွဲသက္ကာန်သတ်မှတ်ဖို့လိုအပ်ပါတယ်။အုပ်စုဖွဲ့သက္ကာန်က ဆန္ဒပြပွဲရဲ့ ရည်ရွယ်ချက်နဲ့ ခံယူချက်တွေကို ပိုပြီး ထိထိမိမိမီးမောင်းထိုးပြနိုင်ပြီး၊ credibility ကို တိုးမြှင့်ပေးနိုင်ပါတယ်။ အုပ်စုဖွဲ့ အစာတော်ခံဆန္ဒပြခြင်း (collective hunger strikes)တွေကို အစာတော်ခံဆန္ဒပြသူတွေနဲ့ အာဏာပိုင် နှစ်ဘက်စလုံးကလေးလေးနက် နက်အာရုံစိုက်ကြပါတယ်။ အစာတော်ခံ ဆန္ဒပြခြင်းမှာ ပါဝင်သူတွေရဲ့လူမျိုး၊ ဘာသာ၊ အကျဉ်းချခြင်းခံရသောအမှု၊ အစာတော်ခံဆန္ဒပြခြင်းကို အရေးယူမှုအခြေအနေစတာတွေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

အစာတော်ခံဆန္ဒပြခြင်းဟာ ဥပဒေရေးရာ မူဝါဒတွေကို သက်ရောက်မှု ရှိစေပါတယ်။ အစာတော်ခံဆန္ဒပြခြင်းဟာ စာနယ်ဇင်းနဲ့ နိုင်ငံရေးသမားတွေရဲ့ အာရုံစိုက်မှုကို ခံရတာကြောင့် ဥပဒေရေးရာ မူဝါဒတွေရဲ့ strategic turning point ကို ဖြစ်ပွားစေပါတယ်။ ၁၉၈၁ ခုနှစ် အိုင်ယာလန် အစာတော်ခံ ဆန္ဒပြပွဲမှာ ရီပတ်ပလီကန်ပါတီက ဘော်လီဆဲဒ်ဒ်ဟာ ခြောက်ဆယ့်ကိုးရက်တိတိ ဆန္ဒပြခဲ့ပြီး၊ အခြားရဲဘော်ကိုးယောက်နဲ့အတူကျဆုံးခဲ့ပါတယ်။ ဒီအရေးဟာ ဗြိတိသျှအစိုးရရဲ့ အကျဉ်းထောင်ဆိုင်ရာ မူဝါဒတွေ ပြင်ဆင်မှုကို ဦးတည်စေခဲ့ပါတယ်။ အစာတော်ခံဆန္ဒပြခြင်းနဲ့ပတ်သက်တဲ့ အခြားအချက်တွေကတော့တဦးချင်းရေးရာ အချက်တွေပဲဖြစ်ပါတယ်။ ဒီအချက်တွေမှာ အသက်အရွယ်၊ လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ စတာတွေနဲ့ဆက်စပ်ပါတယ်။ အာဏာပိုင်တွေဘက်က တုန့်ပြန်မှုတွေမှာလဲ ဒီတဦးချင်းရေးရာအချက်တွေက လွှမ်းမိုးမှုရှိပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# အစိုးရအဖွဲ့အတွင်း သဘောထားတင်းမာသူမရှိဟု ဦးကျော်ဆန်း ငြင်းဆို

**DVB နိုဝင်ဘာ ၁၇ ။** ။ လက်ရှိ ဦးသိန်းစိန်အစိုးရအဖွဲ့တွင်းမှာ သဘောထားတင်းမာသူတွေ ရှိနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေကို ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းက ငြင်းဆန်လိုက်ပြီး လက်ရှိအပြောင်းအလဲတွေကလည်း နောက်ပြန်လှည့်ဖို့ အကြောင်းမရှိဘူးလို့ ပြောဆိုလိုက်ပါတယ်။

ဝေါလ်စထရိဂျာနယ်နှင့် အင်တာဗျူးမှာ အစိုးရအဖွဲ့အတွင်း သဘောထားတင်းမာသူအဖြစ် အများက သတ်မှတ်ခံထားရသူ ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းက အခုလိုပြောပါတယ်။

"အစိုးရအဖွဲ့အတွင်းမှာ ပြုပြင်ပြောင်းလဲလိုသူ အုပ်စုနဲ့ သဘောထားတင်းမာတဲ့အုပ်စုတွေ ရှိနေပြီးတော့ သဘောထားတွေကွဲနေတယ်ဆိုတဲ့ ဝေဖန်ချက်များဟာ လုံးဝမှန်ကန်မှုမရှိပါဘူး။ ဒီလိုဝေဖန်စွပ်စွဲပြောဆိုနေမှုတွေဟာ ဒီမိုကရေစီရဲ့ အနှစ်သာရရှိမှုကို မျက်ကွယ်ပြုပြီး အစိုးရအဖွဲ့အတွင်းမှာ စိတ်ဝမ်းကွဲမှုတွေပေါ်ပေါက်ပြီး လုပ်ငန်းစဉ်တွေ အခက်အခဲဖြစ်အောင် သွေးထိုးဆောင်ရွက်နေခြင်းသာဖြစ်ပါတယ်။ "

လက်ရှိ အပြောင်းအလဲတွေဟာလည်း ယာယီအပြောင်းအလဲတွေမဟုတ်ဘူးလို့ အစိုးရအဖွဲ့ပြောရေးဆိုခွင့်ပုဂ္ဂိုလ်လည်းဖြစ်တဲ့ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက ဆိုပါတယ်။

"အဖွဲ့အစည်းတခုဟာ သာမာန်လုပ်နေတာမဟုတ်ပါဘူး။အခြေခံဥပဒေနဲ့အညီ စနစ်တကျ စီစဉ်ပြီးကာမှ ဆောင်ရွက်နေတဲ့အပြောင်းအလဲများဖြစ်ပါတယ်။ ဒါကြောင့် ဒီပြုပြင်ပြောင်းလဲမှုတွေရဲ့ လေးနက်မှုနဲ့ ခိုင်မာမှုကို တွေ့နိုင်ပါတယ်။ ပြုပြင်ပြောင်း လဲမှုတွေနဲ့ပတ်သက်ပြီး အချုပ်ပြောရရင် ကျနော်တို့ရဲ့ ဒီကနေ့ပြုပြင်ပြောင်းလဲမှုတွေဟာအများကပြောနေသလို အပေါ်ယံယာယီ ပြုပြင်ပြောင်းလဲမှုမဟုတ်ပါဘူး။"

ဒါ့အပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘာလုပ်နေသလဲဆိုတဲ့ သတင်းထောက်ရဲ့အမေးကို ဦးကျော်ဆန်းကစကားပြန်ကတဆင့် အခုလို ဖြေပါတယ်။

"ဗိုလ်ချုပ်မှူးကြီး သူ့အိမ်မှာပဲ ရှိနေပါတယ်။ သူ့အိမ်ထဲမှာအမြဲ တမ်းစာတွေပဲ ဖတ်ပြီးတော့ ရှိနေပါတယ်။"

ဦးကျော်ဆန်းဟာ စစ်အစိုးရလက်ထက်မှာ ပြန်ကြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းခဲ့သလို လက်ရှိ အစိုးရလက်ထက်မှာ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးအဖြစ် ဆက်တာဝန်ယူနေပါတယ်။

သူ့ကို အပြောင်းအလဲကို မလိုလားသူ၊ အတိုက်အခံတွေအပေါ် သဘောထားတင်းမာသူအဖြစ် ပြည်တွင်းမီဒီယာအသိုင်းအဝိုင်းမှာ နာမည်ဆိုးနဲ့ ကျော်ကြားပါတယ်။ ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရအဖွဲ့ တရားဝင် အာဏာလွှဲပြောင်းယူခဲ့တဲ့ အချိန်ကစလို့ နိုင်ငံရေးအပြောင်းအလဲတချို့လုပ်လာတယ်လို့ အကောင်းမြင်သူတွေရှိသလို သံသယနဲ့ စောင့်ကြည့် နေတာတွေလည်းရှိပါတယ်။

ရွေးကောက်ပွဲအလွန် တနှစ်ကာလအတွင်းမှာ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နိုင်ငံရေးအကျဉ်းသား ၃၀၀ ဝန်းကျင် ပြန်လွှတ်လာခဲ့ပေမယ့် အနည်းဆုံး ၆၀၀ ကနေ ၂၀၀၀ နီးပါး အကျဉ်းထောင်တွေမှာ ကျန်နေပါသေးတယ်။ အစိုးရသစ်ဟာ တဖက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့နဲ့ အပစ်အခတ်ရပ်စဲရေးဆွေးနွေးနေသလို ကချင်၊ ရှမ်း၊ ကရင်ပြည်နယ်တို့မှာ တိုက်ပွဲတွေလည်း ဆက်တိုက် ဖြစ်နေတုန်းပါပဲ။

## ဟီလာရီကလင်တန် မြန်မာနိုင်ငံ သွားရောက်ဖွယ်ရှိ

**Mizzima နိုဝင်ဘာ ၁၈ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာလအတွင်း သွားရောက်လည်ပတ်ဖွယ်ရှိကြောင်း အေဘီစီ သတင်းတရပ်အရ သိရသည်။

အာဆီယံထိပ်သီးအစည်းအဝေးကို တက်ရောက်သော အမေရိကန်သမ္မတ အိုဘားမားက မြန်မာအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တယ်လီဖုန်းဆက် စကားပြောရာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာပြည်ခရီးစဉ် အစီအစဉ်အပေါ် သဘောတူထောက်ခံ အတည်ပြုချက် ရယူခဲ့သည်ဟု ဆိုသည်။

ဩစတြေးလျနိုင်ငံ ဒါဝင်မြို့မှအင်ဒိုနီးရှားနိုင်ငံ ဘာလီသို့အသွား သမ္မတအိုဘားမားက ဒေါ်အောင်ဆန်းစုကြည်ထံ ဖုန်းဆက်ပြီး မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေးခြေလှမ်းများကို အမေရိကန်က အားပေးသည့် ထိတွေ့ဆက်ဆံမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်၏ ထောက်ခံမှုရရေး မေးမြန်းခဲ့ခြင်း ဖြစ်သည်။

မစ္စဟီလာရီကလင်တန် အလည်အပတ်ရောက်ရှိလာလျှင် နှစ်ပေါင်း ၅၀ ကျော်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာပြည်သို့ လည်ပတ်မှုခရီးစဉ် ဖြစ်လာလိမ့်မည်။

ယခင် မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ခဲ့သော အမေရိကန်၏ နိုင်ငံခြားရေးဝန်ကြီးခရီးစဉ်တွင် "နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ လူ့အခွင့်အရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တိုးတက်မှုများ နှင့် ပတ်သက်ပြီး အမေရိကန်၏ ထောက်ပံ့ပေးနိုင်ရေး ရှာဖွေသွားမည် ဟုလည်း သတင်းတွင်ပါရှိသည်။

## ဆရာတင်မိုး အောက်မေ့ဖွယ် ကျောက်တိုး ဖွင့်လှစ်

**DVBနိုဝင်ဘာ၁၈။** ။ ကဗျာဆရာတင်မိုးအောက်မေ့ဖွယ်ကျောက်တုံးကို မန္တလေးတိုင်း၊ အမရပူရမှာရှိတဲ့ တောင်လေးလုံးကျောင်းမှာ နိုဝင်ဘာ ၁၈ ရက်နေ့က ဖွင့်လှစ်လိုက်ပါတယ်။

ဆရာတင်မိုးအောက်မေ့ဖွယ် ကျောက်တုံးကို ဆရာမောင်သစ်လွင် လူထုနဲ့ဆရာဦးအေးမြင့်တို့က မနက် ၁၁ နာရီမှာ ဖွင့်လှစ်ပေးခဲ့ကြပါတယ်။

ဖွင့်ပွဲတက်ရောက်လာသူတွေထဲက စာရေးဆရာ ကဗျာဆရာတွေဖြစ်ကြတဲ့ မောင်သစ်လွင်(လူထု)၊ ဦးအေးမြင့်(မြန်မာ့ရိုးရာဒီဖိုင်း)၊ တက္ကသိုလ်တေဇာလင်း၊ နေဝင်းမြင့်၊ ညီစေမင်း၊ ဆူးငှက်၊ သိုက်ထွန်းသက်၊ စိုးနိုင်(မန်းတက္ကသိုလ်)၊ ညီပုလေး၊ ကိုထွန်းဦး(ထွန်းဦးစာပေ)တို့က တင်မိုးအမှတ်တရ စကားတွေ ပြောကြားခဲ့ကြပြီး တင်မိုးကဗျာတွေလည်း ရွတ်ဆိုခဲ့ကြပါတယ်။

တောင်လေးလုံးကျောင်းတိုက်မှ ဆရာတော်ကိုပညာ၊ လူထုသတင်းစာက သတင်းစာဆရာကြီးတွေဖြစ်တဲ့ မောင်သစ်လွင် (လူထု)၊ နတ်မောက်ထွန်းရှိန်နဲ့ ဒေသခံစာရေးဆရာ၊ စာနယ်ဇင်းဆရာ၊ ကဗျာဆရာပေါင်း သုံးဆယ်လောက် တက်ရောက်ခဲ့ကြတယ်လို့ ဖွင့်ပွဲတက်ခဲ့တဲ့ ဆရာနေဝင်းမြင့်က ပြောပါတယ်။ ကဗျာဆရာတင်မိုးဟာ ၂၀၀၇ ခုနှစ်က အမေရိကန်ပြည်ထောင်စုမှာ ကွယ်လွန်ခဲ့ပါတယ်။

# မြန်မာ့ရေနံ သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပြန်လည်ရင်းနှီးရန် Shell စဉ်စား

**Mizzima ၊ နိုဝင်ဘာ ၁၅ ။** ။ မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေမှုကို ၁၈ နှစ်ကျော် ရပ်ဆိုင်းထားခဲ့သည့် အင်္ဂလန် ဒတ်(ချ်) နိုင်ငံတကာ ရေနံကုမ္ပဏီကြီးဖြစ်သည့် Shell က ပြန်လည်ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေသည်ဟု ဘန်ကောက်အခြေစိုက် နေးရှင်းသတင်းစာတွင် လွှင့်ခဲ့သည့်တပတ်က ဖေါ်ပြခဲ့သည်။

Shellက ထိုင်းနိုင်ငံပိုင် ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် PTTEP နှင့် အကျိုးတူပူးပေါင်းရန် စဉ်းစားလျက် ရှိနေပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ပြန်လည်ဝင်ရောက် လုပ်ကိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သတင်းစာကရေးသားသည်။ PTTEP အနေဖြင့် ယင်းတို့ပိုင်ဆိုင်သည့် မြန်မာနိုင်ငံအတွင်းရှိရေနက်ကမ်းလွန်လုပ်ကွက် M11 တွင် Shellကုမ္ပဏီမှ ပူးပေါင်းဆောင်ရွက်ရန်လည်း ကြိုးစားနေသည်။

ဩဂုတ်လက PTTEP ဥက္ကဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Anon Sirisaengtaksin က ဘန်ကောက်ပို့စ်သတင်းစာသို့ ပြောကြားရာတွင် M11 လုပ်ကွက် အနေအထားအရ ရှာဖွေရန်ခက်ခဲသည့် နေရာတွင် ရှိနေသဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ကုမ္ပဏီတခုအလိုရှိနေသည်ဟု ဆိုခဲ့သည်။ "လုပ်ကွက်က ပင်လယ်ရေအောက် (၁) ကီလိုမီတာ အကွာမှာရှိနေပါတယ်။ ဒါကြောင့် ကျနော်တို့အနေနဲ့ မိတ်ဖက်လိုအပ်ပါတယ်။" ဟုပြောခဲ့သည်။

M11လုပ်ကွက်သည် ၇,၂၇၈ စတုရန်းကီလိုမီတာရှိပြီး ရောဝတီမြစ်ဝကျွန်းပေါ် တောင်ဘက် မုတ္တမကွေ့တွင် တည်ရှိသည်။

Shell သည်ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး ထိပ်တန်းကုမ္ပဏီတခုဖြစ်ပြီး ယခုနှစ် အစောပိုင်းက PTTEPနှင့် အခြားနိုင်ငံတကာ ကုမ္ပဏီနှစ်ခုတို့ နယူးဇီလန်နိုင်ငံ၏ ရေနက်ကမ်းခြေရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးတွင်ပါဝင်လုပ် ကိုင်ခဲ့သည်။

Shell ကုမ္ပဏီသည် ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံတွင် လုပ်ကိုင်ရန် လာရောက်ခဲ့ကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးအတွက် နဝတအစိုးရနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။

ထိုသို့ လုပ်ကိုင်ခဲ့သော်လည်း လေးနှစ်မပြည့်မီ ၁၉၉၃ ခုနှစ် မတ်လ၌ Shell ၏ မြန်မာပြည် ကုမ္ပဏီခွဲဖြစ်သည့် Myanmar Shell B.V ကုမ္ပဏီတို့သည် ပဲခူးရိုးမဒေသရှိ ကုန်းတွင်း ရေနံရှာဖွေရေး လုပ်ငန်းမှ "ရလဒ်မကောင်းသည့် တူးဖော်တွေ့ရှိမှုများ"ကြောင့် ရှာဖွေတူးဖော်ခြင်းများ ရပ်ဆိုင်းခဲ့သည်။

Shell ကုမ္ပဏီ ၁၉၉၃ ခုနှစ် မြန်မာနိုင်ငံမှ ထွက်ခွာသွားချိန်၌ Shell ကုမ္ပဏီနှင့် အခြားနိုင်ငံခြား ရေနံကုမ္ပဏီ ကိုးခုတို့သည် မြန်မာနိုင်ငံတွင် ရှာဖွေတူးဖော်မှုများ ပြုလုပ်ရန် စာချုပ်ချုပ်ရေးအတွက် နဝတစစ်အစိုးရအား အမေရိကန်ဒေါ်လာ ငါးသန်း အပိုကြေးအဖြစ်ပေးခဲ့ရသည်ဟု Wall Street ဂျာနယ်တွင် ဖော်ပြခဲ့သည်။


Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@gmail.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**